ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (18-2-2009) (၅၉၅၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ မိုဟာမက် ဇီလာရာမန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်နှင့် စစ်သံမှူး Colonel Ekachai Harnpoonvittaya တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၁၈-၂-၂၀၀၉
(ဗုဒ္ဓဟူးနေ့)

မတ်ပဲနှင့် ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးတင်ပို့

နိုင်ငံတော်က လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ ဆည်တမံပေါင်း ၂၀၀ ကျော်နှင့် မြစ်ရေတင်စီမံကိန်းများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိရာ မိုးစပါး၊ နွေစပါးနှင့် ပဲ၊ နှမ်း၊ နေကြာတို့ကိုပါ သီးထပ် သီးညှပ်စိုက်ပျိုး အကျိုးဖြစ်ထွန်းနေကြပြီဖြစ်သည်။

ဆန်စပါးအပါအဝင် ဈေးကွက်ရှိသော သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာတွင် သီးနှံအရည်အသွေးကောင်းမွန်ရေး၊ တစ်ဧကအထွက်နှုန်းတိုးရေး အလေးထားလုပ်ကိုင်ကြခြင်းဖြင့် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့ ရောင်းချနိုင်ကြမည်ဖြစ်သည်။

၂၀၀၈-၂၀၀၉ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွင်း မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ ကုလားပဲ၊ နေကြာတို့ကို အများအပြားစိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော် လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့အတွင်း မတ်ပဲတစ်မျိုးတည်း ကိုပင် ဧကလေးသောင်းကျော် စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

ထို့အပြင် ဆောင်းမြေပဲ ဧကခြောက်ထောင်ကျော်၊ သီးညှပ်ဆောင်းနေကြာနှင့် သီးသန့်ဆောင်းနေကြာဧက သုံးထောင်ကျော်၊ ဆောင်းနှမ်းဧကကိုးထောင်ကျော်တို့ကိုလည်း စိုက်ပျိုးလျက်ရှိသည်။ စစ်တောင်းမြစ်အတွင်း စီးဝင်သည့် ချောင်းကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာအုပ်စုများတွင်လည်း ဖရဲ၊ ပြောင်း၊ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ကြက်သွန်၊ ခရမ်းသီး၊ ခရမ်းချဉ်သီး စသည့် ဟင်းသီးဟင်းရွက်များနှင့် ပန်းများကို စိုက်ပျိုးအောင်မြင်နေသဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိနေသည်။

ယခုနှစ်ဆန်းပိုင်းမှစ၍ ဒေသတွင်း ပဲဈေးကွက်၌ မတ်ပဲဈေးမြင့်တက်လာပြီး အရောင်းအဝယ်သွက်လျက်ရှိသည်။ ပဲတီစိမ်းသည်လည်း နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တစ်နှစ်ပတ်လုံးတင်ပို့လျက်ရှိရာ ၂၀၀၈ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ တန်ချိန်လေးသောင်းကျော် တင်ပို့ခဲ့ရကြောင်း သိရသည်။

မတ်ပဲအပါအဝင် မြန်မာ့ပဲမျိုးစုံမှာ ပြည်ပဈေးကွက်ရှိနေပြီးဖြစ်ရာ သီးနှံများ စံချိန်စံညွှန်းမီ အရည်အသွေး ကောင်းမွန်စွာထုတ်လုပ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့် သီးနှံမျိုးများသုံးစွဲပြီး တစ်ဧကအထွက်နှုန်း ကောင်းမွန်ရေး၊ လေလွင့်ပျက်စီးဆုံးရှုံးမှု နည်းပါးရေး စနစ်တကျဆောင်ရွက်ကြပြီး အရည်အသွေးကောင်း သီးနှံများ ပိုမိုထုတ်လုပ် တင်ပို့နိုင်ရေး ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား မော်လမြိုင်မြို့၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မောရဝတီပန်းခြံ၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို တိုင်းမှူးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လမ်း၊ တံတားလုပ်ငန်းဆိုင်ရာများ မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ ဒဂုံတံတား ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လက်ရှိ တာဝန်ယူဆောင်ရွက်နေသော လမ်း-တံတား လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားသည့် အချက်အလက်များကို ထပ်ဆင့်ရှင်းလင်း မှာကြားသည်။

ထို့နောက် တံတားဒီဇိုင်း တာဝန်ခံအင်ဂျင်နီယာမှူး ဦးနေအောင်ရဲမြင့်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်နေသော စစ်ကိုင်းတိုင်းအတွင်းရှိ သီရိမင်္ဂလာ ခုံးကျော်တံတား တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအကြား ကုန်ပစ္စည်း လုပ်ငန်းအလိုက် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့်ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့တို့သည် ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကုန်ပစ္စည်း လုပ်ငန်းအလိုက် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပရန် စီစဉ်ထားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ လျှပ်စစ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ လယ်ယာလုပ်ငန်းသုံးပစ္စည်း၊ ဆေးဝါးပစ္စည်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလှကုန်ပစ္စည်း၊ သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများ၊ ထုပ်ပိုးပစ္စည်း၊ လက်ဆောင်နှင့်အလှဆင်ပစ္စည်း၊စာရေးကိရိယာပစ္စည်း၊ အားကစားဆိုင်ရာပစ္စည်း၊ လက်ကိုင်အိတ်၊ ဖိနပ်နှင့် သားရေထည်ပစ္စည်း၊ နိုင်လွန်ကြိုးနှင့် ပိုက်ဆက်ပစ္စည်း စသည့် ပစ္စည်းဆိုင်ရာ ကုမ္ပဏီ ၄၃ ခုတို့မှ ထိုင်းစီးပွားရေး လုပ်ငန်းရှင်၇၁ဦးတို့က နမူနာပစ္စည်းများဖြင့်ဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာစီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း မိမိတို့ပြန်လည်တင်ပို့ ရောင်းချလိုသည့် ကုန်ပစ္စည်းများကိုပြသဆွေးနွေး ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန်စိတ်ဝင်စားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ဆက်သွယ်နိုင်ကြပြီး အသေးစိတ်သိလိုပါက UMFCCI, IRDဌာနနှင့်ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ အထိ လိုင်းခွဲ-၂၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိန့်အဲဂနက်(ကလော)ကျောင်း မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

St.Agnes Convent (ကလော) ကျောင်းသား၊ ကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြောက် မိတ်ဆုံစားပွဲကို မတ် ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် Dolphin Restaurant မြေပဒေသာကျွန်း၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ရာ Violette Tin Hla (ဒေါ်တင်မျိုးအေး) ဖုန်း-၀၁-၆၆၃၀၁၄၊ Rosemarie Bo (ဒေါ်တင်တင်ဦး) ဖုန်း-၀၁-၅၂၇၄၄၀၊ Emma Myat (Dr.ခင်တာတာ) ဖုန်း-၀၁-၂၉၄၀၆၀၊ Ruby Yun Saung (ဒေါ်သီသီလွင်)ဖုန်း-၀၁-၂၉၄၆၅၀တို့နှင့်ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ယာဉ်လိုင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း မွမ်းမံသင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးအောင်ကျော်မိုး ဟောပြောပို့ချစဉ်။ (ကုန်းလမ်းပို့ဆောင်ရေး)

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် စာကြည့်တိုက် အဆောက်အအုံ ဖွင့်ပွဲ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားပြီး စာရေးဆရာ ဒါရိုက်တာ မောင်ဝဏ္ဏက “အတွေ့အကြုံ” နှင့် စာရေးဆရာ လယ်တွင်းသားစောချစ်က “ဘဝမှ စာ၊ စာမှ ဘဝ” တို့ကို ဟောပြောစဉ်။

(ခရိုင် ပြန်/ ဆက်)

ပဲခူးအသင်း(ရန်ကုန်) နှစ်ပတ်လည်၊ သက်ကြီးပူဇော်ပွဲနှင့် ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၇-၂၀၀၈ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုနှင်းပွဲကို မတ် ၂၈ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အသင်းတိုက်တည်ရာ အောင်ဆန်းကွင်းမြောက်ဘက်တန်း အက်စ်(၁၀/၁၁) ဒုတိယထပ်တွင် ကျင်းပမည်ဖြစ်သည်။ အခမ်းအနားသို့ အသင်းသားအားလုံး တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်အထက်အသင်းဝင်သက်ကြီး စာရင်းနှင့် ၂၀၀၆-၂၀၀၇၊ ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် အောင်မြင်ကြသူ အသင်းဝင်တို့၏ သားသမီးများ အမည်စာရင်းကို ရရှိခဲ့သော အမှတ်စာရင်းမိတ္တူမှန်နှင့်အတူ မတ် ၁၃ရက် (သောကြာနေ့) နောက်ဆုံးထား၍ အသင်းတိုက်သို့ဖြစ်စေ၊ နီးစပ်ရာ အမှုဆောင်များထံသို့ဖြစ်စေ ပေးပို့နိုင်ကြသည်။ သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းလိုကြသူများနှင့် ပညာရေးအတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ညွန့်ဇော်(ငြိမ်း) ၀၁-၅၃၆၄၆၄၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်ကြူ ၀၉၅၁၂၀၂၃၇၊ အမှုဆောင် ဦးဝင်းမြင့် ၀၁-၂၉၂၅၃၆၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင် ၀၅၂-၂၂၈၁၂၊ ပဲခူးမြို့နယ်အသင်းတိုက် ၀၁-၃၇၈၃၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၄၀၃)

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ရန်နှင့် စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေများ၊ သတင်းစာများ၊ စာအုပ်စာစောင်များ၊ ရုပ်/မြင်စက်များ လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ရန်နှင့် စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိတို့တိုင်းရင်းသားများသည် ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံအတွင်း တစ်မြေတည်းနေ တစ်ရေတည်းသောက်၍ အတူတကွ ရင်းနှီးယှက်နွှယ်နေထိုင်လျက် ရှိကြကြောင်း၊ ပထဝီအနေအထားအရ တောင်တန်းကြီးများ၊ မြစ်ချောင်းများဖြင့် မည်သို့ပင် ပိုင်းခြားထားစေကာမူ တိုင်းရင်းသားအားလုံးသည် ခွဲခြား၍ မရပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပြည်ထောင်စုပြိုကွဲစေမည့် သွေးခွဲမှုမှန်သမျှကို ကြံ့ကြံ့ခံ တွန်းလှန်ကာကွယ်ရင်း ယနေ့တိုင် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်လျက် ရှိကြပါကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်း ဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ပြီးစီးသွားသော ဖွံ့ဖြိုးတိုးတက်မှုများကို ဒေသခံပြည်သူများလက်တွေ့အကျိုးခံစားနေကြရပြီဖြစ်ကြောင်း၊ ထို့အပြင် ယခုအခါ ရခိုင်ပြည်နယ်အတွင်း ကဏ္ဍပေါင်းစုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုးမြှင့်ဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ရထားလမ်း ဆက်သွယ်ရေးတွင် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးအတွက် ယခုအခါ စစ်တွေ - ပုဏ္ဏားကျွန်း - ကျောက်တော်-မြောက်ဦး-မင်းပြား ရထားလမ်းပိုင်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း။

လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ရခိုင်ပြည်နယ်အတွင်း သူငွေးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် စိုင်တင်ရေအားလျှပ်စစ်စီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မော်တော်ကားလမ်းအနေဖြင့်ရန်ကုန်-စစ်တွေမော်တော်ကားလမ်း၊ ရန်ကုန်-ကျောက်ဖြူ မော်တော်ကားလမ်း၊ ငသိုင်းချောင်း-ဂွ-သံတွဲ မော်တော်ကားလမ်းများကို ဖောက်လုပ်ပေးခဲ့ပြီး ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာကဏ္ဍကို ပိုမိုတိုးချဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး နေရာလပ်မကျန် ရုပ်မြင်သံကြားဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအသစ်တစ်ခု ထပ်မံတည်ဆောက်မည့်အပြင် ကျောက်တော်နှင့် သံတွဲရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံများကို လွှင့်အားမြင့်စက်ပစ္စည်းများ ပြောင်းလဲတပ်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်တိုင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုနိုင်မှုမရှိသည့် အချို့နေရာများအတွက် DTH စနစ်ဖြင့် ဖမ်းယူကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် သံတွဲမြို့နှင့် အမ်းမြို့တို့၌ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလအတွင်း စတင်ထုတ်လွှင့်ပေးနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ရေဒီယိုထုတ်လွှင့်မှုတွင်လည်း ရခိုင်ပြည်နယ် စစ်တွေမြို့၌ FM ရေဒီယို အမြန်ဆုံးတပ်ဆင် ထုတ်လွှင့်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာတိုင်းသို့ နေ့စဉ်ထုတ်သတင်းစာများ ရောက်ရှိဖတ်ရှုနိုင်ရေးအတွက် စွမ်းရည်မြင့်စက်အသစ်များ တပ်ဆင်ပုံနှိပ်ခြင်းကို စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနက ကျေးရွာ ၄၀၀အတွက် နေ့စဉ်သတင်းစာများ ဖတ်ရှုနိုင်ရန် တန်ဖိုးငွေကျပ် ၂၁၇၂၀၀၀ ကိုလည်းကောင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျေးရွာ ၆၄၀အတွက် တန်ဖိုးငွေကျပ် ၃၄၅၆၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းမှာဖြစ်ကြောင်း၊ဆက်လက်၍ ကျန်ရှိသောကျေးရွာများအားလုံး နေ့စဉ်သတင်းစာ ရောက်ရှိဖတ်ရှုနိုင်ရေးအတွက် ပြည်သူလူထု၊ စေတနာရှင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသအာဏာပိုင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အား လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသည် ကျေးလက်ပြည်သူများ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာကိုယ့်အားကိုယ့်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်တည်တံ့ရေးကို ၂၀၀၃ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

တည်ထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များရေရှည်တည်တံ့တိုးတက်ရေးအတွက် သတ်မှတ်စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ယနေ့အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက သတ်မှတ်စံ(၅)ရပ်နှင့် ကိုက်ညီသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၇ခု တည်ဆောက်ရန်အတွက် တစ်ခုလျှင်ငွေကျပ်သိန်း၃၀နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း၅၁၀ကို လှူဒါန်းမည်ဖြစ်ကြောင်း၊ ယင်းလှူဒါန်းငွေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်၌ စံပြစာကြည့်တိုက်တစ်ခုစီ ဆောက်လုပ်သွားရန်ဖြစ်ကြောင်း၊ ဒေသသားလုပ်ငန်းရှင် ဦးလှမောင်ရွှေလှူဒါန်းသော စာကြည့်တိုက် သုံးခုအတွက် ငွေကျပ်သိန်း၉၀နှင့် ဦးအုန်းမြင့်လှူဒါန်းသော စာကြည့်တိုက်တစ်ခုအတွက် ငွေကျပ်သိန်း ၃၀ တို့ကိုလည်း ကာယကံရှင်များ၏ ဆန္ဒနှင့်အညီ ဆိုင်ရာကျေးရွာများ၌ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စာကြည့်တိုက်ပရိဘောဂများ၊စာအုပ် စာစောင်များကိုလည်း လှူဒါန်းပေးအပ်သွားမှာဖြစ်ပြီး တာဝန်ရှိသူများကအမြန်ဆုံးတည်ဆောက်အကောင်အထည်ဖော် သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် တစ်ဆင့်ချင်း စနစ်တကျ အကောင်အထည်ဖော်လျက်ရှိရာပြည်ထောင်စုသားတိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံအတည်ပြုထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ နိုင်ငံတော်အစိုးရနှင့် ဆက်လက်ဝိုင်းဝန်း ပူးပေါင်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်အား ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်လျက်ရှိသော ပြည်တွင်းပြည်ပမှအဖျက်အမှောင့်သမား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အန္တရာယ်ကိုလည်း သတိရှိရှိဖြင့် ဝိုင်းဝန်းကာကွယ်တိုက်ဖျက်သွားရန် လိုအပ်ပါကြောင်း။

ယနေ့မြန်မာနိုင်ငံတစ်ဝန်းတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တည်ဆောက်ထားရှိပြီးဖြစ်သည့် အားလျော်စွာ ရရှိထားသော ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန်မှာ အလွန်အရေးကြီးပါကြောင်း။

တိုင်းရင်းသား ပြည်သူအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူကျရာအခန်းကဏ္ဍမှလက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်က အမှာစကား ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှလှူဒါန်းသော တစ်မြို့နယ်လျှင် စာကြည့်တိုက် တစ်ခု တန်ဖိုးငွေကျပ်သိန်း ၃၀နှုန်းဖြင့် စစ်တွေခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ် အတွက် ငွေကျပ်သိန်း ၂၄၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရခိုင်ပြည်နယ် အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ရန်နှင့် စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေများ၊ နေ့စဉ် ထုတ်သတင်းစာများ၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော ရခိုင်ပြည်နယ်ရှိ မြို့နယ်၁၇မြို့နယ်အတွက် တစ်မြို့နယ်လျှင် စာကြည့်တိုက်တစ်ခု၊ တန်ဖိုးငွေ ကျပ်သိန်း ၃၀နှုန်းဖြင့် စစ်တွေခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်အတွက် ငွေကျပ်သိန်း ၂၄၀၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်နှစ်မြို့နယ်အတွက် ငွေကျပ်သိန်း ၆၀၊ကျောက်ဖြူခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်အတွက် ငွေကျပ်သိန်း၁၂၀၊ သံတွဲခရိုင်အတွင်းရှိ မြို့နယ် သုံးမြို့နယ်အတွက် ငွေကျပ်သိန်း ၉၀ စုစုပေါင်း စာကြည့်တိုက် ၁၇တိုက်အတွက် ငွေကျပ်သိန်း ၅၁၀ကိုပေးအပ်လှူဒါန်းရာ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက လက်ခံကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ရခိုင်ပြည်နယ်အတွင်းရှိ စံပြကျေးရွာစာကြည့်တိုက် ၁၇ခုအတွက် စာအုပ်စာစောင် ၈၅၀၀ကို ပေးအပ်လှူဒါန်းရာ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်က လက်ခံသည်။

ယင်းနောက် ဝန်ကြီးသည် ကျေးရွာပေါင်း ၄၀၀သို့ နေ့စဉ်ထုတ်သတင်းစာ လှူဒါန်းရန်အတွက် ငွေကျပ် ၂၁၇၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက လက်ခံသည်။

ထို့နောက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြည်နယ်အတွင်းရှိ စံပြကျေးရွာ စာကြည့်တိုက်၁၇ခုအတွက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန် လှူဒါန်းငွေကျပ် ၈၅သိန်းကို စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်က ပေးအပ်ရာ ဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျေးရွာ၆၄၀ သို့ နေ့စဉ်ထုတ်သတင်းစာ လှူဒါန်းရန်အတွက် ငွေကျပ် ၃၄၅၆၀၀၀ ကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်က ပေးအပ်လှူဒါန်းရာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက လက်ခံသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်းရှိ စေတနာရှင်များက စံပြကျေးရွာ စာကြည့်တိုက်များအတွက်လှူဒါန်းသော အလှူငွေကျပ် ၁၅၄၅၄၀၀၀၊ ငွေကျပ် ၁၁၇၀၀၀၀ တန်ဖိုးရှိရုပ်မြင်သံကြားဖမ်းစက် ကိုးလုံးနှင့် ငွေကျပ် ၈၄၅၈၈၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို ဦးကျော်မြင့်ကလည်းကောင်း၊ အလှူရှင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေကိုယ်စား ရခိုင်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးတင်ရွှေက ကျေးရွာစာကြည့်တိုက် သုံးခု ဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်း ၉၀ကိုလည်းကောင်း၊ အလှူရှင် ရန်ကုန်မြို့နေ ဦးအုန်းမြင့် (Civil Tech) ကိုယ်စား ဦးကျော်ဦးက ကျေးရွာစာကြည့်တိုက် တစ်ခု ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၃၀ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝေက လက်ခံသည်။

ယနေ့ငွေပဒေသာပင်အတွက် လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုး လှူဒါန်းငွေကျပ် စုစုပေါင်းမှာ ငွေကျပ်သိန်း ၉၇၀၃၂၈၀၀ ဖြစ်သည်။

လှူဒါန်းပွဲအပြီးတွင် ဝန်ကြီးနှင့် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ဆက်သွယ်ရန်နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ ၂၀၀၈- ၂၀၀၉ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို မတ်လတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ သင်းလုံးကျွတ်အစည်းအဝေးတွင် မြို့နယ်အဆင့် ကိုယ်စားလှယ်များ ခန့်အပ်နိုင်ရေးနှင့် အသင်းအား ပိုမိုကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းနိုင်ရေးအတွက် အသင်းဝင်များအားလုံးက ဆွေးနွေးကြရန်ရှိသည်။

သို့ဖြစ်ရာ ပြည်နယ်နှင့်တိုင်းအသီးသီး၌နေထိုင်ကြသော အသင်းသူအသင်းသားများသည် အကြောင်းအမျိုးမျိုးကြောင့် အသင်းကြီးနှင့် ကင်းကွာနေပါက ပြန်လည်ဆက်သွယ်ပေးကြရန်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ အမှတ် (၂၇-၂၉)၊ (၃၅)လမ်း (အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၃၇၃၁၆၇ သို့ လည်းကောင်း၊ ပြည်နယ်၊တိုင်းအသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ တစ်ဆင့်လည်းကောင်း ပြန်လည်ဆက်သွယ်ကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ ကျင်းပ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်း အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် တက်ရောက်လာကြသူများ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ပြည်နယ်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမဥ္စကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် ပြည်နယ်နှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး၏ ပထမနေ့ အစီအစဉ်များကို နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဒေါ်မြင့်ကြည်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြသည်။

ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များ၏ တင်ပြချက်များအပေါ် သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးက ဆောင်ရွက်သည်။

ယင်းနောက် ပြည်နယ်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့် ပဲခူးတိုင်း (အနောက်ပိုင်း)တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့များ၏ တင်ပြချက်များအပေါ် သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး ပထမနေ့ အစည်းအဝေး အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ အဆိုပါနှစ်ပတ်လည် အစည်းအဝေး ကို ဖေဖော်ဝါရီ ၁၈ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ စက်ကိရိယာပစ္စည်းများနှင့် အောက်စီဂျင်ထုတ်ပေးစက် လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ နှလုံးရောဂါကုဌာနသုံး စက်ကိရိယာပစ္စည်းများနှင့် အောက်စီဂျင်ထုတ်ပေးစက်တစ်လုံး လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဆေးရုံ ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ နှလုံးရောဂါ ဆေးကုဌာန ပါမောက္ခဒေါက်တာထွန်းရွှေ၊ သမားတော်ကြီး ဒေါက်တာကျော်စိုးဝင်း၊ ဒေါက်တာမြင့်ငွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးမြို့ ဖိနပ်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးရှမ်း - ဒေါ်ခင်သန်း (ဆေးဆိုးတိုက်) မိသားစုတို့က ငွေကျပ် ၃စသိန်းတန် နှလုံးရောဂါကုဌာနသုံး စက်ကိရိယာပစ္စည်းများကိုလည်းကောင်း၊ သီပေါမြို့နေ ရီတာပေ့ါဆေးလိပ်ခုံပိုင်ရှင် ဒေါ်တင်တင်နှင့် သားသမီးမြေးတစ်စုတို့က ငွေကျပ် ခုနစ်သိန်းတန် အောက်စီဂျင်ထုတ်ပေးစက်တစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ နှလုံးရောဂါကုဌာနသုံး စက်ကိရိယာပစ္စည်းများနှင့် အောက်စီဂျင်ထုတ်ပေးစက်တစ်လုံးတို့ လှူဒါန်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

စင်ကာပူ-မြန်မာဆရာဝန်ကြီးများ မန္တလေးမြို့၌ အခမဲ့ ခွဲစိတ်ကုသ စစ်ဆေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

စင်ကာပူသမ္မတနိုင်ငံမှ ဆရာဝန်ကြီးများနှင့် မြန်မာနိုင်ငံမှ ဆရာဝန်ကြီးများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၀ရက်မှ ၂၂ရက်အထိ မန္တလေးမြို့၌ အခမဲ့ကျန်းမာရေး စစ်ဆေးခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆောင်၌ ဆီးချို၊ နှလုံး၊ အရိုး၊ အထွေထွေခွဲစိတ်ကုသမှုများကို စင်ကာပူ-မြန်မာအထူးကုဆရာဝန်ကြီးများက အခမဲ့ခွဲစိတ်ကုသစစ်ဆေးပေးမည်ဖြစ်ပြီး ကျန်းမာရေးပညာပေး ပြခန်းများကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်သည်။ ထို့ပြင် မျက်စိဝေဒနာရှင်များအား စင်ကာပူ-မြန်မာမျက်စိအထူးကုဆရာဝန်ကြီးများက (၂၃)လမ်းရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ အခမဲ့စစ်ဆေး ကုသပေးမည်ဖြစ်သည်။

ကျန်းမာရေးစစ်ဆေးကုသလိုသော ဝေဒနာရှင်များအနေဖြင့် သက်ဆိုင်ရာ ဆေးရုံကြီးများ၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိပြုတ်"တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၇း၄၅ - ၁း၄၅	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈း၁၀ - ၂း၁၀	သီချင်းကောင်းကောင်းသီချင်းတောင်း
၈း၃၅ - ၂း၃၅	Activities In The City (မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်များအသင်းညီလာခံ)
၈း၅၅ - ၂း၅၅	ဝသုန်ဣမြေသိကြားစေ စကားဝါမြေမှ ကောင်းမှုသက်သေ
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက် နေသော ရခိုင်ပြည်နယ်
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅ - ၃း၄၅	Midweek Sports News
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ - ၄း၁၀	အတ္တရံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	နေထိုင်မှုဝင့်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ
၁၀း၄၅ - ၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅ - ၄း၅၅	စားချင်စဖွယ်နည်းအသွယ်သွယ်
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	မြန်မာ့တွင်းထွက်အလှရတနာ
၁၁း၃၀ - ၅း၃၀	Internet Directory (Orange Internet Cafe)
၁၁း၅၀ - ၅း၅၀	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	မိခင်နို့တိုက်ကျွေးခြင်းအကျိုးကျေးဇူးများနှင့် မယ်လမင်းဓာတ်ပါဝင်နေသော အစားအစာများ(ဒေါက်တာခင်မောင်လွင်၊ဒေါက်တာသော်ဇင်၊ဒေါက်တာအေးအေးသိန်း)
၁၂း၃၅ - ၆း၃၅	Myanmar Video Rhythm
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အီရတ်တွင် အစုလိုက်မြှုပ်နှံထားသော လူရုပ်ကြွင်းများ ထပ်တွေ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် ဆွေးမြေ့နေသော အလောင်း ၁၅လောင်း စုပေါင်းမြှုပ်နှံထားသည့် နေရာနှစ်ခုကို ရှာဖွေတွေ့ရှိကြောင်း လုံခြုံရေးဌာနများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကီလိုမီတာ ၃၀ ခန့်အကွာရှိ တာဂျီဒေသတွင် လွန်ခဲ့သော နှစ်နှစ်ခန့်က သေဆုံးခဲ့ကြသည်ဟု ယူဆရသော လူ ၁၀ ဦးခန့်၏ ရုပ်ကြွင်းများကို တွေ့ရှိခဲ့ကြောင်း တနင်္ဂနွေနေ့တွင် ထုတ်ပြန်သော ကြေညာချက်တွင် ကြည်းတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် မိုဟာမက် အယ်လ် အက်စ်ကာရီက ပြောကြားသည်။

အဆိုပါသေဆုံးမှုများနှင့် ပတ်သက်၍ ထိုဒေသတွင် လွန်ခဲ့သောနှစ်နှစ်က ကြီးစိုးခဲ့သော အယ်လ်ခိုင်ဒါအုပ်စုအား ဗိုလ်ချုပ် အက်စ်ကာရီက အပြစ်တင်သည်။

သီးခြားဖြစ်စဉ်တစ်ရပ်အဖြစ် ဒီယားလားပြည်နယ် မြို့တော်ဘာကူဘာ၏ အရှေ့ဘက် ကီလိုမီတာ၃၀ခန့်တွင်ရှိသော ကျေးရွာတစ်ရွာအနီးတွင် ဆွေးမြေ့နေသော အမျိုးသားငါးဦး၏ ရုပ်အလောင်းကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ လွန်ခဲ့သော တစ်နှစ်ခွဲခန့်က အသတ်ခံရခြင်းဖြစ်ဖွယ်ရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းနေရာများကို ဒေသခံရွာသားများက ဦးစွာတွေ့ရှိပြီး ရဲတပ်ဖွဲ့ကို ခေါ်ဆောင်ပြသခဲ့ခြင်းဖြစ်သည်ဟု အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ သတင်းပေးသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာတွင် အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်သဖြင့် ဒဏ်ရာရသွားသော အရပ်သားအချို့အား ဆေးရုံပေါ်၌ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

အီရတ်နိုင်ငံတွင် ရန်သူနှင့် တိုက်ခိုက်ခြင်းကြောင့်မဟုတ်သော အခြားအကြောင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်ကို နိုင်ငံစုံအမျိုးသားတပ်ဖွဲ့ ဘဂ္ဂဒက်(အမ်အန်ဒီ-ဘဂ္ဂဒက်)တွင် တာဝန်ချထားစဉ် သေဆုံးခြင်းဖြစ်ကြောင်း၊ ၎င်းသည်မည်သည့်နေရာ၌ မည်ကဲ့သို့ သေဆုံးရသည်ဟု တိကျရှင်းလင်းစွာ ဖော်ပြခြင်းမပြုဘဲ စစ်ဘက်ကြေညာချက်တွင် တင်ပြထားသည်။ အမ်အန်ဒီ-ဘဂ္ဂဒက်သည် မြို့တော်ဘဂ္ဂဒက်၏လုံခြုံရေးကို တာဝန်ယူရသောတပ်ဖွဲ့ ဖြစ်သည်။

ပင်တဂွန်စစ်ဌာနချုပ်မှ ကိန်းဂဏန်းများကို အခြေခံ၍ သတင်းဌာနများက တွက်ချက်ခြင်းအရ နောက်ဆုံးသေဆုံးသူ တပ်ဖွဲ့ဝင်အပါအဝင် ၂၀၀၃ ခုနှစ် မတ်လတွင် အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်စဉ်ကတည်းက သေဆုံးသူ စုစုပေါင်းသည် ၄၂၄၃ ဦးရှိပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာတွင် ဒုက္ခသည်များ လိုက်ပါလာသည့် မော်တော်ယာဉ် တိုက်ခိုက်ခြင်းခံရ

ကိုလံဘို ဖေဖော်ဝါရီ ၁၇

သီရိလင်္ကာနိုင်ငံ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသောဒေသမှ တိမ်းရှောင်လာကြသည့် ဒုက္ခသည်များအပြည့် တင်ဆောင်လာသည့်ဘတ်စ်ကားတစ်စီးအား တမီးလ်သူပုန်ဟု သံသယရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၄ ရက်တွင် လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး အခြား ၁၃ ဦး ဒဏ်ရာရရှိသည်ဟု စစ်ဘက်က ပြောကြားသည်။

စွပ်စွဲ

အဆိုပါ တိုက်ခိုက်မှုသည် မြောက်ပိုင်းရှိ ပါလီယန်ကူလမ်ကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စစ်ဖြစ်ရာဒေသမှ အစိုးရနယ်မြေဆီသို့ ထွက်ပြေးလာကြသော လူများကို သယ်ပို့ပေးနေစဉ် ယခုကဲ့သို့ တိုက်ခိုက်ခြင်း ခံရကြောင်း စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ယင်းမှာ တမီးလ်တို့၏ လက်ချက်ဖြစ်ကြောင်း အစိုးရက စွပ်စွဲထားသည်။

ငြင်းဆို

သူပုန်များဘက်ကမူ ငြင်းဆိုထားသည်။ သေဆုံးသူမှာ အသက် ၅၉ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးဖြစ်ပြီး ဒဏ်ရာရရှိသူများတွင် ကလေးငယ်လေးဦး ပါဝင်သည်ဟု ဆိုသည်။

အင်တာနက်။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် နှင်းများ ထူထပ်စွာ ကျနေသည်ကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရန်လိုသောမူဝါဒကို စွန့်လွှတ်ရန် အမေရိကန်အား မြောက်ကိုရီးယား သတိပေး

ပြုံယမ်း ဖေဖော်ဝါရီ ၁၇

ကိုရီးယားကျွန်းဆွယ်ဒေသတွင် တင်းမာလာခြင်းအတွက် အမေရိကန်အစိုးရအား အပြစ်တင်ရမည်ဖြစ်ကြောင်း၊ လက်တုံ့ပြန်စေလိုသည့်သဘောဖြင့် မြောက်ကိုရီးယားနိုင်ငံအား ရန်စလျက်ရှိကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားခြင်းကို ကိုးကား၍ ကေစီအန်အေသတင်းဌာနက ရေးသားသည်။

တောင်ကိုရီးယားနိုင်ငံနှင့် ပူးတွဲလေတပ်ဖွဲ့ ထူထောင်ရန်၊ မြောက်ကိုရီးယားနိုင်ငံအား ဝင်တိုက်မည့် စစ်ရေးစီမံကိန်းအား ပြန်လည်အသက်သွင်းရန်၊ မြောက်ကိုးရီးယားအား စစ်ရေးအရ ထိန်းချုပ်ရန်၊ အမေရိကန်စစ်လိုလားသူများ၏ အစီအစဉ်ကို ပြန်လည်အသက်သွင်းရန်၊ တောင်ကိုရီးယားနိုင်ငံအား ထာဝရထိန်းသိမ်းထားရန်အတွက် အမေရိကန်ပြည်ထောင်စုက လှုပ်ရှားလာကြောင်း ကိုရီးယားအမျိုးသား ငြိမ်းချမ်းရေးကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက ကျူးကျော်သူများကို အပြစ်ပေးရန်အတွက် ကာကွယ်ရေးတပ်ဖွဲ့အားလုံးကို တပ်လှန့်ထားမည်ဟု အဆိုပါ ပြောရေးဆိုခွင့်ရှိသူက အမေရိကန်အား သတိပေးလိုက်သည်။ ဆက်လက်၍ မြောက်ကိုရီးယားနိုင်ငံအပေါ် ရန်လိုသော မူဝါဒကို စွန့်လွှတ်ရန်နှင့် တောင်ကိုရီးယားမှ တပ်ဖွဲ့များအားလုံး ရုပ်သိမ်းသွားရန် အမေရိကန်ပြည်ထောင်စုအား သတိပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ကယ်ကွတ်တွင် ဗုံးကွဲသွားသောနေရာ၏ မြင်ကွင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းမှတ်စု

ဖော်ဘီ ၏ ကမ္ဘာ့အချမ်းသာဆုံး ၂၀ စာရင်းတွင် အိန္ဒိယနိုင်ငံသား နှစ်ဦးပါဝင်

အမေရိကန်ပြည်ထောင်စု "ဖော်ဘီ"မဂ္ဂဇင်းက အိန္ဒိယဇာတိဖွား စတီးလ်သူဌေး လက်ရှ်မီးမစ်တယ်လ်နှင့် ရီလိုင်းရင့်အင်ဒတ်စ်ထရီဉက္ကဋ္ဌ မူကပ်ရှ်အမ်ဘာနီတို့နှစ်ဦးအား ကမ္ဘာ့အချမ်းသာဆုံး ဘီလျံနာ၂၀တွင် ထည့်သွင်းထားကြောင်း ပီတီအိုင်သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ဘော်လက်ရှ်မီးမစ်တယ်လ်သည် ကမ္ဘာ့အကြီးဆုံး စတီးလ်ကုမ္ပဏီ အာစလာမစ်တယ်လ်ကို ထိန်းချုပ်ထားသူဖြစ်ပြီး "ဖော်ဘီ"မဂ္ဂဇင်း၏ သူကြွယ်များစာရင်း၌ တတိယအဆင့်တွင်ရှိသည်။ အမ်ဘာနီက အဆင့်ခုနစ်တွင်ရှိသည်ဟု ပီတီအိုင်သတင်းတွင် ရေးသားထားသည်။

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ် ဖွင့်ပွဲ ကျင်းပအပြီး တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကက်ရှ်မီးယား နိုင်ငံတကာလေဆိပ်သစ်ဖွင့်

အိန္ဒိယ ကက်ရှ်မီးယားဒေသ၏ နိမ့်ပါးနေသော ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံတကာလေဆိပ်ကို ပထမဆုံးအကြိမ်အဖြစ် စနေနေ့က ဖွင့်လှစ်လိုက်သည်။

အိန္ဒိယနိုင်ငံ၏ လက်ရှိအာဏာရပါတီဥက္ကဋ္ဌ ဆိုနီယာဂန္ဒီက လေဆိပ်သစ်သီရိနာဂါကို ဖွင့်ပေးပြီးနောက် ပထမဆုံးခရီးစဉ်အဖြစ် အဲယားအိန္ဒိယမှ လေယာဉ်တစ်စင်းသည် လေဆိပ်သစ်မှ ဒူဘိုင်းသို့ ပျံသန်းသည်။

ကျားသူပုန်သင်္ဘောသုံးစင်းကို အစိုးရလေတပ် ဖျက်ဆီးနှစ်မြှုပ်

သီရိလင်္ကာလေတပ်ဖွဲ့မှ အမ်အိုင်ဂျီဂျက်တိုက်လေယာဉ်များသည် မြောက်ပိုင်းမူလာသီဗူးခရိုင်တွင် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ၌ တမီးလ်ကျားသူပုန်တို့၏ တိုက်ခိုက်ရေးသင်္ဘောသုံးစင်းကို ဖျက်ဆီးနှစ်မြှုပ်နိုင်ခဲ့ကြောင်း သီရိလင်္ကာစစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အစိုးရတပ်ဖွဲ့များသည် စစ်အင်အားအပြည့်အစုံဖြင့် ကျားသူပုန်တို့အား ထိုးစစ်ဆင်နွှဲလျက်ရှိသည်။ သူပုန်များမှာ စတုရန်းကီလိုမီတာ ၂၀၀ မျှပင် မပြည့်သော ဧရိယာ၌ ပိတ်မိနေကြောင်း အစိုးရက ပြောကြားသည်။

ချီလီတွင် ရဟတ်ယာဉ်ပျက်ကျ၊ ၁၃ ဦးသေ

တောမီးလောင်လျက်ရှိသော ချီလီနိုင်ငံအလယ်ပိုင်းတွင် တနင်္ဂနွေနေ့က ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာ မီးသတ်သမား ၁၂ ဦး အပါအဝင် ၁၃ ဦး သေဆုံးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

အဆိုပါပျက်ကျသော ရဟတ်ယာဉ်ကို သစ်တောကုမ္ပဏီဆဲလ်ကိုက ပိုင်ဆိုင်သည်။ ယူကလစ်ပင် စိုက်ခင်းများ မီးလောင်နေသည်ကို ငြိမ်းသတ်ရန် စိုက်ခင်းများဆီသို့ ဦးတည်ပျံသန်းနေစဉ် မြို့တော် စန်တီယာဂိုမှ ၁၈၅ မိုင်ဝေးသော မူလီဒေသ၌ ပျက်ကျခြင်းဖြစ်ကြောင်း ချီလီအမျိုးသား သစ်တောကော်ပိုရေးရှင်းက ပြောကြားသည်။

အီရတ်တွင် လမ်းဘေးဗုံး နှစ်လုံးကွဲ၊ ရှစ်ဦးသေ

အီရတ်နိုင်ငံတွင် ဘာသာရေးပွဲတော်တစ်ခုမှ ဘဂ္ဂဒက်သို့ ပြန်လာကြသော ရှီးယိုက်ဘုရားဖူးများအား ပစ်မှတ်ထား၍ လမ်းဘေးဗုံးနှစ်လုံး ဖောက်ခွဲတိုက်ခိုက်ရာ ရှစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘဂ္ဂဒက်မြို့၏ သီးခြားနှစ်နေရာတွင် ဗုံးခွဲတိုက်ခိုက်ခြင်းကြောင့် ဘတ်စ်ကားနှစ်စီးမှာ ပျက်စီးသွားခဲ့သည်။ ဘဂ္ဂဒက်မြို့တောင်ဘက် မိုင်၅၀အကွာ ကာဘာလာမြို့၌ ကျင်းပသော အကြိမ်(၄၀)မြောက် အဂူဒါပွဲတော်မှ ပြန်လာကြခြင်း ဖြစ်သည်။ ပွဲတော်လာ ပရိသတ်အား ကာကွယ်စောင့်ရှောက်ရန်အတွက် ရဲတပ်ဖွဲ့နှင့် စစ်ဘက်တပ်ဖွဲ့ဝင် ၃၀၀၀၀ တာဝန်ပေးထားသည်ဟု ဆိုသည်။

အီဂျစ်တွင် ကားနှစ်စီးတိုက်မိ၊ ၁၆ ဦးသေ

အီဂျစ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီးနှင့် ထရပ်ကားတစ်စီးတို့ တိုက်မိကြရာ၁၆ ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း လုံခြုံရေးနှင့်ဆေးဘက်ဆိုင်ရာဌာနများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

သေဆုံးသူများတွင် ကလေးလေးဦး ပါဝင်သည်။ အစ္စမေးလီးယားနှင့် အဘူဟန်မက်အကြား အဝေးပြေးလမ်းမကြီးပေါ်တွင် တိုက်မိခြင်းဖြစ်ပြီး ဒဏ်ရာရသူများကို အစ္စမေးလီးယားဆေးရုံသို့ တင်ပို့ခဲ့သည်။

စုစည်းတင်ပြသူ-သန်းလွင်

လက်တွဲညီညီ ရှေ့သို့ချီ

စည်သူအောင်

အချိန်ဆိုတာ အမြဲပဲ ရှေ့ကိုသွားနေတယ်။ အချိန်နဲ့အမျှ လောကသုံးပါး စလုံးကလည်း ဖြစ်တည်ပျက်အစဉ်တွေနဲ့အတူ အတိတ်ကိုထားရစ်ခဲ့၊ ပစ္စုပ္ပန်မှာ ခဏတည်နေပြီး အနာဂတ်ဆီ ဦးတည်ရွေ့လျားနေကြစမြဲ ဖြစ်ပါတယ်။

အဲဒီလို အနာဂတ်ဆီ ဦးတည်သွားကြရာမှာ မိမိတို့ရဲ့ ပစ္စုပ္ပန်ကာလပြုလိုက်ကြတဲ့ ကောင်းမှုကံ၊ မကောင်းမှုကံတွေရဲ့ အကျိုးသတ္တိအားဖြင့် လူတွေရဲ့ ဘဝတစ်ခုချင်းဖြစ်စေ၊ လူ့ဘောင်အဖွဲ့အစည်း တစ်ခုလုံးအတွက်ဖြစ်စေ တိုးတက်မှု၊ ဆုတ်ယုတ်မှုဆိုတာတွေဟာ ဖြစ်ပေါ်လာကြရစမြဲပါ။

ဗုဒ္ဓဘာသာအလိုအားဖြင့်တော့ သတ္တဝါတွေဟာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရားတွေ ဖုံးလွှမ်းပြီးတော့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို မေ့လျော့ပစ်ပယ်လာတာနဲ့အမျှ သက်တမ်းက ဆုတ်ယုတ်လာပြီးတော့ အသက်အသချေ်တန်းကနေ ၁၀ နှစ်တန်းအထိ လျော့ကျလာတဲ့ ကလိယုဂ်ဆုတ်ကပ်၊ အဲဒီကနေပြီးမှ ကြောက်လန့်သံဝေဂ ရကြပြီး ကောင်းမှုတွေပြုကြပြန်လို့ တဖြည်းဖြည်းသက်တမ်းပြန်ရှည်လာကာ အသချေ်တန်းအထိ တက်ကပ်ပြန်ဖြစ်၊ အဲဒီလို ဆုတ်ကပ်၊ တက်ကပ်တွေ အကြိမ်ပေါင်း (၆၄)ကြိမ်ဖြစ်ပြီးရင် အသချေ်ယျကပ်တစ်ကပ်၊ အဲလိုကပ်ပေါင်း လေးကြိမ်ဖြစ်ပြီးရင် **"မီး၊ ရေ၊ လေ"** အကြောင်း တစ်ခုခုကြောင့် ကမ္ဘာတစ်ခါပျက်ရတယ်လို့ ဆိုပါတယ်။

လူ့ဘောင်သမိုင်းကို ပြန်ကြည့်ရင်လည်း ခေတ်စနစ်နဲ့ လူ့ဘောင်အဖွဲ့အစည်းအခြေအနေဟာ ညီညွတ်မျှတတဲ့ မျှခြေအနေအထားတွေမှာ လူ့အဖွဲ့အစည်းဟာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တာပါပဲ။ ခေတ်စနစ်နဲ့ လူ့ဘောင်အဖွဲ့အစည်းရဲ့ အကျိုးစီးပွား မညီညွတ်မမျှတတဲ့အခါ ပိုပြီး သင့်လျော်ကောင်းမွန်တဲ့ နောက်ထပ်ခေတ်စနစ်ဆီကို ကူးပြောင်းသွားကြလေ့ရှိပါတယ်။ ဒီလိုနဲ့ပဲ သမိုင်းဦး ဘုံမြေခေတ်ကနေ ကျေးပိုင် ကျွန်ပိုင်ခေတ်၊ သက်ဦးဆံပိုင်ပဒေသရာဇ်ခေတ်၊ ကိုလိုနီနယ်ချဲ့ခေတ်၊ အရင်းရှင်ခေတ်စတဲ့ ခေတ်အသီးသီးကို ပြောင်းလဲဖြတ်သန်းလာခဲ့ကြသလို နိုင်ငံရေးစနစ်အမျိုးမျိုး၊ စီးပွားရေးစနစ် အမျိုးမျိုးဟာလည်း ဖြစ်ပေါ်နေတဲ့ ခေတ်စနစ်နဲ့အညီ လိုက်လျောညီထွေစွာ ပေါ်ပေါက်လာခဲ့ကြတာ တွေ့နိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် သေချာတာတစ်ခုကတော့ ရောက်နေတဲ့ခေတ်တစ်ခုကနေ ပြီးခဲ့တဲ့ ခေတ်ကာလတစ်ခုဆီကို ပြန်သွားဖို့မဖြစ်နိုင်တော့ဘူးဆိုတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို နောက်ပြန်ဆုတ်ဖို့ဆိုတာကို လက်ရှိတည်ရှိဆဲ လူ့ဘောင်အဖွဲ့အစည်းကကို လက်မခံတော့လို့ပါ။ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ရွေးချယ်တင်မြှောက်ပြီး အုပ်ချုပ်တဲ့ ဒီမိုကရေစီစနစ်ထွန်းကားတဲ့ နိုင်ငံတွေကနေ သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်ကို ပြန်သွားမယ်ဆိုရင် ဘယ်သူမှ လက်ခံကြမှာမဟုတ်သလို ပဒေသရာဇ်ခေတ်က လူတွေကလည်း သမိုင်းဦး ဘုံမြေခေတ်ပုံစံကို ပြန်သွားချင်မှာ မဟုတ်ပါဘူး။

တကယ်တော့ အတိတ်ဆိုတာ ပြန်သွားလို့ရစကောင်းတဲ့ ကိစ္စမဟုတ်သလို ပြန်သွားသင့်တဲ့အရာလည်း မဟုတ်ဘူးလို့ထင်ပါတယ်။ ပစ္စက္ခ မျက်မှောက်ကာလရဲ့ ပကတိအခြေအနေတွေကို မျက်ကွယ်ပြုပြီး လူက ပစ္စုပ္ပန်မှာရှိပြီး စိတ်ကအတိတ်မှာဆိုရင်၊ ကျန်ရစ်ခဲ့တယ်ဆိုရင် ဘယ်လိုမှ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်မှာ မဟုတ်တော့သလို စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုမရှိတဲ့ ပုဂ္ဂိုလ်လို့ သတ်မှတ်ကြပါလိမ့်မယ်။ အသက်ကြီးခေါင်းကြီးမားကျမှ သူငယ်ပြန်တဲ့ အဘိုးအိုတွေလိုပေါ့။

နိုင်ငံရေးမှာလည်း ဒီလိုပါပဲ။ ပစ္စုပ္ပန်မှာဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေကို ပစ်ပယ်ပြီး အတိတ်ကာလကို ပြန်လည်ဖော်ဆောင်ပေးဖို့ တောင်းဆိုနေတာဟာ သဘာဝမကျတဲ့အပြင် ဘယ်လိုမှလည်း ဖြစ်နိုင်မှာမဟုတ်ပါဘူး။

နိုင်ငံရေးဆိုတာ နိုင်ငံနဲ့ပြည်သူတွေရဲ့ အကျိုးစီးပွားကို လက်တွေ့ကျကျ အမြင့်ဆုံး ဘယ်လိုဖော်ဆောင်နိုင်မလဲဆိုတဲ့ အရေးကိစ္စ (Maximization of National Interest) သာဖြစ်ပါတယ်။ ပါတီတစ်ခု၊ လူတစ်စုရဲ့ ကိုယ်ပိုင်အကျိုးစီးပွားကိုရှာဖွေဖို့ လုပ်ငန်းတစ်ခု (Individual Profiteering Business) မဟုတ်ပါဘူး။

နိုင်ငံအကျိုးစီးပွားကို လျစ်လျူရှုပြီး ကိုယ့်အုပ်စုအကျိုးစီးပွားအတွက် အတိတ်ကို ပြန်ဖော်ဆောင်ချင်တယ်ဆိုတာဟာ နိုင်ငံရေးအတ္တကြီးမားမှုကို မိမိဘာသာ ဖော်ထုတ်ပြနေသလို ဖြစ်သွားပါလိမ့်မယ်။ ဒါဟာ နိုင်ငံရေးအရ ရင့်ကျက်ပြည့်ဝမှု မရှိသေးတာကို ဖော်ညွှန်းနေတာပါပဲ။

ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေး ဖြစ်စဉ်တွေကို ပြန်ကြည့်မယ်ဆိုရင်လည်း ဒီလိုအတိတ်ကာလကို ပြန်ညွှန်းပြီး ဖော်ဆောင်ဖို့ ကြိုးပမ်းခဲ့တာတွေဟာ လက်တွေ့အကျိုးဖြစ်ထွန်းမှု မရှိဘူးဆိုတာ တွေ့ရမှာပါ။

ဒီကနေ့ ကမ္ဘာပေါ်မှာ အုတ်အော်သောင်းတင်းဖြစ်နေတဲ့ အရှေ့အလယ်ပိုင်း ပြဿနာကိုပဲကြည့်ပါ။ အစ္စရေးတွေကလည်း လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်ကျော်ကတည်းက ဒီဒေသဟာ သူတို့ဘိုးဘေးတွေ နိုင်ငံတည်ထောင်ပြီး နေခဲ့တဲ့နေရာမို့ သူတို့မှာ နေပိုင်ခွင့်ရှိတယ်လို့ စွဲကိုင်ထားတာပါ။

ပါလက်စတိုင်းအာရပ်တွေကလည်း လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ထောင်ကျော်၊ နှစ်ထောင်နီးပါးကတည်းက ဒီနယ်မြေမှာ အစ္စရေးဆိုတာမရှိတော့ဘူး။ ပါလက်စတိုင်းတွေပဲ သားစဉ်မြေးဆက် အခြေချနေခဲ့တာမို့ သူတို့ပဲ ပိုင်သင့်တယ်လို့ ရှုမြင်ကြပါတယ်။ အာရပ်နိုင်ငံအများစုကလည်း အစ္စရေးကို အခုထက်ထိ အသိအမှတ်မပြုသေးပါဘူး။

ဆော်ဒီအာရေဗျလို အလယ်အလတ် သဘောထားရှိတဲ့ အာရပ်နိုင်ငံတွေကတင်ပြတဲ့ အစ္စရေးတို့ သိမ်းပိုက်ထားတဲ့ အာရပ်နယ်မြေတွေကို ပြန်ပေးရင် အာရပ်တွေက အစ္စရေးကို အသိအမှတ်ပြုမယ်၊ ငြိမ်းချမ်းရေးရယူမယ်ဆိုတဲ့ နယ်မြေနဲ့ငြိမ်းချမ်းရေး (Land for Peace)အစီအစဉ်လို လက်တွေ့ အကျိုးရှိနိုင်တဲ့ အဆိုပြုချက်တွေဟာလည်း အတိတ်ကို မစွန့်လွှတ်နိုင်တဲ့ နှစ်ဖက်စလုံးက လက်မခံနိုင်သေးလို့ အခုထက်ထိ အကောင်အထည် ပေါ်မလာသေးပါဘူး။

အကျိုးဆက်ကတော့ ဒီကနေ့အထိ ဂါဇာဒေသမှာ စစ်မီးတောက်လောင်နေရပြီး အပြစ်မဲ့တဲ့ ဂါဇာပြည်သူတွေ ထောင်နဲ့ချီကာ သေကျေဒဏ်ရာရခဲ့ကြကာ အိုးအိမ်တိုက်တာအဆောက်အအုံများစွာ ပျက်စီးပြိုလဲဆုံးရှုံးခဲ့ရတာပါပဲ။ အစ္စရေးနဲ့ ပါလက်စတိုင်းအရေးအခင်းကြောင့် အာရပ်ကမ္ဘာမှာ နှစ်ခြမ်းကွဲခဲ့ရသလို အစ္စရေးမှာလည်း ရန်သူပတ်လည်ဝိုင်းနေတဲ့ ဘဝမှာ နှစ်ရှည်လများ ရပ်တည်နေခဲ့ရတာဖြစ်ပါတယ်။

တကယ်လို့များ ပစ္စုပ္ပန်ကာလရဲ့ ပကတိအကျိုးစီးပွားကိုသာ အမှန်အတိုင်း ရှုမြင်အလေးထားတတ်မယ်ဆိုရင် အစ္စရေးရဲ့ ခေတ်မီနည်းပညာနဲ့ စီမံခန့်ခွဲမှု၊ ပါလက်စတိုင်းတို့ရဲ့ ဈေးချိုတဲ့လုပ်အား၊ အာရပ်နိုင်ငံတွေရဲ့ ရေနံစွမ်းအင်လောင်စာနဲ့ ရေနံကရတဲ့ ဝင်ငွေအရင်းအနှီးတို့ကို ပေါင်းစပ်ပြီး အောင်မြင်ဖွံ့ဖြိုးတဲ့ ကုန်ထုတ်လုပ်မှုတွေ ပြုလုပ်ဆောင်ရွက်နိုင်ပါတယ်။ တိုက်ကြီးသုံးခုရဲ့ အလယ်ဗဟိုနေရာ ကမ္ဘာ့ရေကြောင်းလမ်းရဲ့ ဗဟိုချက်နေရာမှာရှိနေတဲ့ မဟာဗျူဟာအရ အချက်အချာကျလှတဲ့ ဒီအရှေ့အလယ်ပိုင်းဒေသကိုသာ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ အဲဒီလို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ်ဆိုရင် ကမ္ဘာ့စီးပွားရေးရဲ့ ဗဟိုချက်မကြီးတစ်ခုဖြစ်လာမှာ သေချာပါတယ်။ ဒါပေမယ့် ဒီဒေသက လူအများစုမှာ ပစ္စုပ္ပန်ထက် အတိတ်ကိုသာ ဦးတည်ချင်တဲ့ စိတ်အစွဲတွေက ပြင်းထန်လွန်းလှတဲ့အတွက် ရွှေရောင်အခွင့်အလမ်းကို သွေးစွန်းတဲ့ ပဋိပက္ခတွေနဲ့ လဲလှယ်နေကြတာ ဝမ်းနည်းစရာပါပဲ။

ပြည်သူလူထုအများစုကြီးကတော့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ထဲမှာ အခုဆိုရင် အခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြီး ရှေ့လာမယ့် အထွေထွေ ရွေးကောက်ပွဲအတွက်လိုအပ်တဲ့ပြင်ဆင်ဆောင်ရွက်မှုတွေ ပြုလုပ်နေပြီဆိုတော့ ရွေးကောက်ပွဲ ကျင်းပဖို့ နဲ့ ရွေးကောက်ပွဲမှာရွေးချယ်တင်မြှောက်ခံရတဲ့ အစိုးရကိုဖွဲ့စည်းပြီး နိုင်ငံတော် တာဝန်တွေကို လွှဲပြောင်းဖို့ဆိုတဲ့ အဆင့်တွေပဲ ကျန်တော့တာကို ဒီမိုကရေစီနိုင်ငံတော် သစ်ရဲ့ မုခ်ဦးဆီကို မကြာခင် ရောက်နိုင်တော့မယ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေကြတာပါ။ ဒါပေမယ့် ဒီလူတစ်စုက အခြေခံဥပဒေသစ်ကို လက်မခံဘူးတို့၊ ရွေးကောက်ပွဲသစ်ကို စဉ်းစားစရာ မလိုဘူးတို့၊ အခြေခံဥပဒေကို သူတိုစိတ်ကြိုက် ပြန်လည်ပြင်ဆင်ခွင့် ပေးရမယ်တို့ဆိုတဲ့ အမျိုးမျိုးသော လေသံတွေပစ်ပြီး လူထုကြီးကို စိတ်ညစ်အောင် "တစ်" ကနေ ပြန်စဖို့လုပ်နေကြတာတော့ စိတ်မကောင်းစရာလို့ပဲ ပြောရတော့မှာပါ။

မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းတစ်လျှောက်ကို ပြန်ပြောင်းလေ့လာမယ်ဆိုရင်လည်း ဒီအတိုင်းပါပဲ။ အတိတ်က စိတ်အစွဲတွေနဲ့ အပြန်အလှန် စိတ်ဝမ်းကွဲမှုတွေ၊ သံသယတွေကို မဖျောက်နိုင်တာမို့ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ပြည်တွင်းသောင်းကျန်းဆူပူမှုတွေ တာရှည်နေခဲ့ပြီး ဒီလောက် သယံဇာတနဲ့ ပြည့်စုံကြွယ်ဝတဲ့ မြန်မာနိုင်ငံဟာ အလားအလာရှိသလောက် တိုးတက်အောင်မြင် ပေါက်မြောက်မှု မရှိနိုင်ခဲ့တာ အားလုံးအသိပါ။

အထူးသဖြင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအင်အားစုတွေဟာ ထူးထူးခြားခြား အတိတ်အစွဲများက ပိုကြီးလေရော့သလားတော့ မပြောတတ်ပါ။ နိုင်ငံရေး အာဏာနဲ့ ပတ်သက်လာရင် ရွှေကုန်သည် ဇာတ်ထဲက မင်းသားကြီး ရွှေမန်းဦးတင်မောင်သီချင်းလို **"မပေး ပေးပေး၊ ငါ့ရွှေခွက်ပေး"** ဆိုတာမျိုးတွေနဲ့ အတိတ်ကို ပြန်ပြန်သွားချင်တာ တွေ့နေခဲ့ရပါတယ်။

၁၉၆၂ ခုနှစ်က အာဏာစွန့်လွှတ်ခဲ့ရတဲ့ ဝန်ကြီးချုပ်ဟောင်းကြီးဆိုရင်လည်း ၂၆ နှစ်ကြာမှ ၁၉၈၈ အရေးအခင်းအပြီးမှာ သူ့ကိုအာဏာပြန်အပ်ဖို့ လူသိရှင်ကြားတောင်းဆိုခဲ့တာ ပကတိအခြေအနေနဲ့ မကိုက်ညီတော့လို့ လူရယ်စရာဖြစ်ခဲ့ရတာလည်း မှတ်မိကြဦးမှာပါ။

အခုလည်း နှစ်ပေါင်းနှစ်ဆယ်လောက်ကြာမှ **"လွန်လေပြီးသော"** ရွေးကောက်ပွဲရလဒ်ကို ပြန်ပြီးဖော်ဆောင်ပေးရမယ်လို့ တောင်းဆိုလိုတောင်းဆို၊ မြန်မာနိုင်ငံတစ်ဝန်းလုံးက ပြည်သူလူထု ၉၃ ရာခိုင်နှုန်းလောက်က အတည်ပြုထားတဲ့ အခြေခံဥပဒေကို အလေးမထားဂရုမစိုက်ဘဲ သူတို့အလိုကျပြန်ပြီး ပြင်ဆင်ပြောင်းလဲခွင့်ပေးရမယ်၊ နိုင်ငံတော်ကို အခုအချိန်အထိ လက်နက်စွဲကိုင် ဆန့်ကျင်ပုန်ကန်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းတွေကိုပါ အဲဒီအခြေခံဥပဒေ ပြန်လည်ပြင်ဆင်မှုလုပ်ငန်းစဉ်တွေမှာ ပါဝင်ခွင့်ပေးရမယ်လို့ မျက်မှောက်ပကတိ အခြေအနေတွေကို မျက်ကွယ်ပြုပြီး မဖြစ်နိုင်တာတွေကို တောင်းဆိုလို တောင်းဆို လုပ်နေလိုက်ကြတာ တကယ်အရင်းစစ်လိုက်ရင် ပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့ အကျိုးစီးပွားလား၊ သူတို့အတွက် အာဏာ**"ရွှေခွက်"**အစွဲနဲ့ အလွဲကြီးလွဲမှားနေတာလားဆိုတာ အသိပညာရှိသူတိုင်း စဉ်းစားကြည့်နိုင်တဲ့ကိစ္စပါ။

ပြည်သူလူထုအများစုကြီးကတော့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ထဲမှာ အခုဆိုရင် အခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြီး ရှေ့လာမယ့် အထွေထွေရွေးကောက်ပွဲအတွက် လိုအပ်တဲ့ ပြင်ဆင်ဆောင်ရွက်မှုတွေ ပြုလုပ်နေပြီဆိုတော့ ရွေးကောက်ပွဲကျင်းပဖို့နဲ့ ရွေးကောက်ပွဲမှာရွေးချယ်တင်မြှောက်ခံရတဲ့အစိုးရကိုဖွဲ့စည်းပြီးနိုင်ငံတော်တာဝန်တွေကို လွှဲပြောင်းဖို့ဆိုတဲ့ အဆင့်တွေပဲ ကျန်တော့တာကို ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ မုခ်ဦးဆီကို မကြာခင် ရောက်နိုင်တော့မယ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတာပါ။ ဒါပေမယ့် ဒီလူတစ်စုက အခြေခံဥပဒေသစ်ကို လက်မခံဘူးတို့၊ ရွေးကောက်ပွဲသစ်ကို စဉ်းစားစရာမလိုဘူးတို့၊ အခြေခံဥပဒေကို သူတို့စိတ်ကြိုက် ပြန်လည်ပြင်ဆင်ခွင့်ပေးရမယ်တို့ဆိုတဲ့ အမျိုးမျိုးသော လေသံတွေပစ်ပြီး လူထုကြီးကို စိတ်ညစ်အောင် "တစ်"ကနေ ပြန်စဖို့ လုပ်နေကြတာတော့ စိတ်မကောင်းစရာလို့ပဲ ပြောရတော့မှာပါ။

ဒီလူစုလုပ်ပုံကို ကြည့်ရတာ ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီး လက်ထက်က ဗန်းမော်ဆရာတော်ကြီး ဗန်းမော်အပို့ခံရတဲ့ ဖြစ်ရပ်ကလေးကို သတိရမိပါတယ်။ ပရိယတ္တိစာပေမှာ ဉာဏ်ထက်မြက်သလောက် အမြင်မတော်တာတွေ့ရင်လည်း ဒိုးဒိုးဒေါက်ဒေါက် စာချိုးတတ်တာမို့ မင်းတုန်းမင်းကြီးက ဆရာတော်ကြီးကို ကိစ္စတစ်ခုကြောင့် ဗန်းမော်ကိုပို့ပြီး သီတင်းသုံးစေရတဲ့ အဖြစ်ပါ။ ဆရာတော်ကြီးကို မလွှဲသာလို့ ဗန်းမော်ကို ပို့ရပေမယ့် မိဖုရားခေါင်ကြီးကိုယ်တိုင် ကိုးကွယ်ဆည်းကပ်တဲ့ ဆရာတော်လည်းဖြစ်၊ ကြည်ညိုရင်းစွဲလည်းရှိတာမို့ မင်းတရားကြီးက ဧရာဝတီမြစ်ကြောင်းအတိုင်း လှေတစ်စင်းနဲ့ ဆရာတော်ကို လိုက်ပါပို့ဆောင်ရမယ့် လှေသားတွေကို ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာ ဆရာတော်ကြီးဖူးချင်တဲ့ ဘုရားရှိရင် ပို့ဆောင်ပေးဖို့ မှာကြားခဲ့ပါသတဲ့။ ဆရာတော်ကြီး လမ်းတစ်လျှောက်မှာ ဘယ်ဘုရားမှ ဖူးချင်တယ်လို့ မိန့်ကြားတော်မမူဘဲ ဗန်းမော်ကို လှေကမ်းကပ်ခါနီးကျမှ **"ဒကာတို့ နေဦး၊ ငါဘုရားဖူးချင်သေးတယ်၊ လိုက်ပို့"**လို့ မိန့်ပါသတဲ့။ လှေသမားတွေက **"ဘယ်ဘုရားကိုများ ပို့ပေးရမလဲဘုရား"**လို့ လျှောက်တော့ **"အင်း ပုဂံ ရွှေစည်းခုံ ဘုရားဖူးချင်တာ"** လို့ဆိုသတဲ့။ ဗန်းမော်ရောက်လုနီးတော့မှ ပုဂံရွှေစည်းခုံ ပြန်ဖူးမယ်ဆိုတော့ လှေသမားတွေလည်း စိတ်ညစ်သွားပြီး ဆရာတော်ကြီးကို ရှိခိုးတောင်းပန်ကြတော့မှ ဆရာတော်ကြီးက **"မင်းတို့ ဘုရင်က ငါဖူးချင်တဲ့ဘုရား ပို့ပေးရမယ်ဆိုလို့ ငါက ပြောရတာပါကွာ၊ မင်းတို့ကို ပင်ပန်းစေချင်လို့ မဟုတ်ပါဘူး"**ဆိုပြီး ဗန်းမော်ဆိပ်ကမ်းကို ကပ်ခိုင်းလိုက်တယ်လို့ ဆိုပါတယ်။

ဆရာတော်ကြီးကတော့ စိတ်ထဲကပါလို့ တကယ်နောက်ပြန်လှော်ခိုင်းတာ မဟုတ်ပေမယ့် ဒီလူစုလုပ်ပုံကတော့ သွားမယ့်လှေ ရှေ့မရောက်အောင် တမင်နောက်ပြန်လှော်နေသလို မြင်နေရပါတယ်။ ဘယ်လိုပဲ စဉ်းစား စဉ်းစား သူတို့ရဲ့လုပ်ရပ်ဟာ ငါတကောကောပြီး ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ပစ်ပယ်ကာ လက်တစ်ကမ်းပဲလိုတော့တဲ့ နိုင်ငံတော်သစ်ကို ကျော်ခိုင်းလျှောက်ဖို့ ကြိုးစားနေတာပဲလို့ ထင်မြင်မိပါတယ်။ နိုင်ငံတော် အစိုးရကတော့ အခြေခံဥပဒေကို ထောက်ခံတဲ့သူတွေပဲဖြစ်ဖြစ်၊ ဆန့်ကျင်တဲ့ သူတွေပဲဖြစ်ဖြစ် လာမယ့်ရွေးကောက်ပွဲမှာ တရားဥပဒေနဲ့အညီ အားလုံးပါဝင်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းထားပြီး ဖြစ်ပါတယ်။

နိုင်ငံနဲ့ပြည်သူလူထုရဲ့ အကျိုးစီးပွားကို အမှန်တကယ် လိုလားတယ်ဆိုရင် နိုင်ငံတော်အစိုးရက စေတနာမှန်နဲ့ ကမ်းလှမ်းထားတဲ့လက်ကိုတွဲပြီး အခုလာမယ့် ရွေးကောက်ပွဲမှာ ဥပဒေနဲ့အညီ တရားမျှတစွာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ပဲ လိုပါတယ်။ ရွေးကောက်ပွဲမှာ တကယ်ဆုံးဖြတ်မှာက မဲဆန္ဒရှင် ပြည်သူတွေပါ။ ပြည်သူ့အဆုံးအဖြတ်ကို နာခံပြီး ကျရာကဏ္ဍက ပြည်သူကို အလုပ်အကျွေးပြုရမှာက နိုင်ငံရေးအင်အားစုတွေပါ။

သဘာဝတရားကြီးရဲ့ စိန်ခေါ်မှုအန္တရာယ်လှိုင်းတံပိုးတွေ၊ ကမ္ဘာ့စီးပွားရေးနဲ့တခြား အထွေထွေအကျပ်အတည်း အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့ ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးဟာ အချင်းချင်း စည်းလုံးညီညွတ်မှုအင်အားကို ရယူမှုဖြစ်မယ်ဆိုတာ ရင်ထဲကအသိနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ တကယ်တမ်း ခေတ်ကိုသိ၊ စနစ်ကိုသိ၊ အဖြစ်မှန်တွေကို မိမိတို့ဘဝနဲ့ညှိပြီး မြင်တတ်မယ်ဆိုရင်တော့ မရပ်မနား ရှေ့ကိုသွားနေတဲ့ အချိန်နဲ့အတူ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်အေးချမ်းသာယာကြွယ်ဝစေဖို့ အားလုံးလက်တွဲပြီး ရှေ့ကိုချီတက်နေကြတာကိုပဲ မြန်မာပြည်သူတစ်ရပ်လုံးက မြင်ချင်၊ တွေ့ချင်နေကြတယ်ဆိုတဲ့ အကြောင်း ပြောလိုက်ချင်ပါတယ်။ ။

ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း ဒေသဖွံ့ဖြိုးရေးစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသည် ဇန်နဝါရီ ၂၃ ရက်တွင် ဒင်လိုပါး-ဒေါင်ဗားကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းဖောက်လုပ်မှုနှင့် ဆုရ်ခွါး-ဘုံဇုံးကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းဖောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဇန်နဝါရီ ၂၄ ရက်တွင် မတူပီမြို့နယ် ရှာတလိုင်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲကို ကြည့်ရှုစစ်ဆေး၍ ပံ့ပိုးငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ဆက်လက်၍ လေပီး-ခွါတောကြား ဘွေနူးချောင်းကူးတံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ရေဇွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများအား တွေ့ဆုံပြီး ဌာနဆိုင်ရာရုံးများကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရည်အချင်းမြင့်မားရေးသင်တန်းအသိအမှတ်ပြုလွှာပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် အခြေခံကွန်ပျူတာသင်တန်း၊ အဆင့်မြင့်ကွန်ပျူတာသင်တန်း၊ (Microsoft Excel) ဖြင့် ကွန်ပျူတာပရိုဂရမ် ရေးဆွဲနည်းသင်တန်း၊ အစည်းအဝေးများ၊ အခမ်းအနားများ ကျင်းပခြင်း၊ မှတ်တမ်းပြုစုခြင်းနှင့် သတင်းထုတ်ပြန်ခြင်း သင်တန်း၊ (Internet, e-mail)နှင့် (Fax) အသုံးပြုနည်းသင်တန်း၊ (Post-graduate Diploma in English Course)နှင့် သုတေသနစာတမ်းဖတ်ပွဲများ၊ (Seminar) များသို့ တက်ရောက်ခဲ့ကြသည့် ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား အသိအမှတ်ပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် သီရိရတနာခန်းမ၌ ကျင်းပရာ မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဦးပိုမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး **(ဓါတ်ပုံ)** သင်တန်းများ၊ စာတမ်းဖတ်ပွဲများနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသည့် ဆရာ၊ ဆရာမ များနှင့်ဝန်ထမ်း ၁၃၈ ဦးတို့အား ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်လင်းတို့က အသိအမှတ်ပြုလွှာများ ပေးအပ်သည်။

ထို့နောက် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ အရည်အချင်းတိုးတက်မြင့်မားရေးအတွက် ဖွင့်လှစ်သော အခြေခံကွန်ပျူတာသင်တန်း၊ အဆင့်မြင့်ကွန်ပျူတာသင်တန်းနှင့် (Microsoft Excel) ဖြင့် ကွန်ပျူတာ ပရိုဂရမ်ရေးဆွဲနည်း သင်တန်းတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဇနီး ဒေါ်သဥ္ဇာဝင်းစိန်၊ ဒုတိယတိုင်းမှူးနှင့် ဦးစီးအရာရှိကြီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ရှမ်းပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ရဲမှူးကြီးညွန့်ဝင်းတို့က ပြပွဲပြိုင်ပွဲ အခမ်းအနားမုခ်ဦးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)** ဆက်လက်၍ အခမ်းအနားအစီအစဉ်များကို ကျင်းပရာ အထက(၄)တောင်ကြီး ကျောင်းသား၊ ကျောင်းသူလေးများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုဆုနှင့် လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ ယာဉ်ထိန်းတပ်ဖွဲ့ပြခန်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ပြခန်း၊ ဆုရကဗျာ၊ ဆောင်းပါး၊ ကာတွန်းပန်းချီပြခန်း၊ ကျန်းမာရေး၊ ပညာရေးကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနနှင့် မူးယစ် (အထူးအဖွဲ့) ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

သုတပညာတန်ဆောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းအနောက်ပိုင်း မင်းလှမြို့နယ် အင်ကြင်းကုန်းကျေးရွာအုပ်စု၊ အညာတန်းကြီးကျေးရွာ သုတပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလှိုင်က အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်တင်ဝင်းက စာကြည့်တိုက်ရှင်သန်ထက်မြက်ရေး ဆွေးနွေးဟောပြောကာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ ဦးစီးအရာရှိ ဒေါ်တင်ဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေတောင်သာ ချောင်းဖြတ် လူကူးတံတားဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်း-ဖော်ပြပြီး) (ဓာတ်ပုံ-စက်မှု-၁)

ဆုချီးမြှင့်

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင်က နှစ်နှစ်ဆက်တိုက် ပထမဆုရရှိသူ Grade 3A (3) မှ မအေးဂျူကိုအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၂၀၀၈ ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက်က အင်းစိန်အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ စာပေအဖွဲ့ဝင် ၁၀၀ ခန့် တက်ရောက်သည်။ ရှေးဦးစွာ အခမ်းအနားတွင် သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ(ဒါရိုက်တာဘုန်းဝေ)က အဖွင့်အမှာစကားပြောကြား၍ စာပေဗဟိုမှ အမှုဆောင်ကော်မတီဝင် ဆရာလယ်တွင်းသားစောချစ်က အမှာစကား ပြောကြားသည်။ မြို့နယ်စာပေ အစီရင်ခံစာကို အတွင်းရေးမှူး ဦးသန်းစိုး (မြတ်လွမ်းနောင်၊ ပုတီးကုန်း)က ဖတ်ကြားတင်ပြပြီး ငွေစာရင်းရှင်းတမ်းကို ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့် (ကမ္ဘောဇမြင့်နိုင်)က ဖတ်ကြားတင်ပြကာ အစည်းအဝေးအစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းတို့ကို သဘောတူညီကြောင်း ဆုံးဖြတ်ကြသည်။ ဆက်လက်၍ စာပေဗိမာန်လူငယ်စာပေပထမဆုရရှိသော မောင်ကြည်သန့်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးဗဟိုအဆင့်စာမူပြိုင်ပွဲ၌ ကဗျာတတိယဆုရရှိသော သက်လိုင်မျိုး (စက်မှုတက္ကသိုလ်)တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် မိဘမေတ္တာတစ်မျက်နှာ ဝတ္ထုတိုပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယနှင့်အထူးဆုရှင် ခုနစ်ဦးတို့အားလည်း ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။ (၃၂၃)

နေပြည်တော်မြန်မာ့အသံ

(ကြာသပတေးနေ့- နံနက်+နေ့လယ်+ည) (၁၉-၂-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်းကြေညာချက်
၇း၁၅	တရားတော် (အင်္ဂုလိမာလ+ ဗောဇ္ဈင်္ဂသုတ်) (ဓမ္မပူဇာတေးပဒေသာ)
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (သတိတရား)
၈း၃၅	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (ရှင်ဖုန်း)
၁၁း၄၅	သိပ္ပံပညာသိကောင်းစရာ (လူ့နေမှုတိုးတက်ရေးဖြစ်စဉ် သမိုင်းကြောင်း အပိုင်း-၃)
၁၁း၄၅	တေးသီချင်း
၁၂း၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ(သစ္စာတိုင်ပတ်ပျိုး၏ရသ) သာရဝေါစိုးကြည်
၁၂း၃၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀	ဆောင်းပါး (လူနဲ့လောကခံ)
၄း၃၀	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅း၀၀	အလုပ်အကိုင်အခွင့်အလမ်း
၅း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (ကျွန်မနဲ့ မြန်မာ့အသံ)
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၀၅	ညနေခင်းတေးပဒေသာ
၆း၂၅	ကျေးလက်ဇာတ်လမ်း (ပေဒင်မေးစရာ မလိုပါ)
၆း၄၀	တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၇း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၇း၃၀	သုတစုံစွာသိမှတ်စရာ (ပစိဖိတ်သမုဒ္ဒရာအောက်မှ မျက်မှန်ပါရှိသည့် ထူးခြားသောငါးမျိုးစိတ်)
၇း၄၀	ရေဒီယိုအတိတ်တေးအရိပ်
၈း၀၀	ပြည်တွင်းသတင်း
၈း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၈း၅၀	တေးသံစုံ(စစ်ကိုင်းလှရွှေနှင့်အဖွဲ့)
၉း၀၀	ဆောင်းပါး-သန်းကြွယ်သူဌေးကြီး Donal Trump ၏ အောင်မြင်မှုကို ရနိုင်သော နည်းလမ်းများ စီးပွားရေးဦးတည်ချက်
၉း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်တို့ ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ) အတွင်း သတင်းစာပုံနှိပ်ထုတ်ဝေနေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ပုံနှိပ်စက်အသစ် တိုးမြှင့်တပ်ဆင်ဖွင့်လှစ်ခြင်းနှင့် ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိအောင် စီမံဆောင်ရွက်သည့် အခမ်းအနားကျင်းပ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီး စိုးလွင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ပုံနှိပ်စက်အသစ် တိုးမြှင့်တပ်ဆင်ဖွင့်လှစ်ခြင်းနှင့် ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိအောင် စီမံဆောင်ရွက်သည့် အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ပုံနှိပ်စက်အသစ် တိုးမြှင့်တပ်ဆင်ဖွင့်လှစ်ခြင်းနှင့် ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိအောင် စီမံဆောင်ရွက်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်နှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ကိုယ်ပွားသတင်းစာတိုက်အတွင်း သတင်းစာပုံနှိပ်ထုတ်ဝေနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိရေး အစီအမံအရ စစ်တွေမြို့နယ်မှ ကျေးရွာ ၂၇ ရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်မှ ကျေးရွာ ၉၂ ရွာ၊ ကျောက်တော်မြို့နယ်မှ ကျေးရွာ ၇၉ ရွာ၊ မြောက်ဦးမြို့နယ်မှ ကျေးရွာ ၉၄ ရွာ၊ မင်းပြားမြို့နယ်မှ ကျေးရွာ ၆၂ ရွာ၊ ပေါက်တောမြို့နယ်မှ ကျေးရွာ ၅၃ ရွာ၊ မြေပုံမြို့နယ်မှ ကျေးရွာ ၅၁ ရွာ၊ ရသေ့တောင်မြို့နယ်မှ ကျေးရွာ ၈၈ ရွာ၊ မောင်တောမြို့နယ်မှ ကျေးရွာ ၉၈ ရွာ၊ ဘူးသီးတောင်မြို့နယ်မှ ကျေးရွာ ၇၈ ရွာ၊ ကျောက်ဖြူမြို့နယ်မှ ကျေးရွာ ၅၄ ရွာ၊ ရမ်းဗြဲမြို့နယ်မှ ကျေးရွာ ၅၁ ရွာ၊ မာန်အောင်မြို့နယ်မှ ကျေးရွာ ၃၆ ရွာ၊ အမ်းမြို့နယ်မှ ကျေးရွာ ၂၉ ရွာ စုစုပေါင်းမြို့နယ် ၁၄ မြို့နယ်ရှိ ကျေးရွာ ၈၉၂ ရွာတို့မှ သတင်းစာကိုယ်စားလှယ်များထံ ပုံနှိပ်ပြီးသတင်းစာများကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ရခိုင်ပြည်နယ်အတွင်း နေ့စဉ်ထုတ် သတင်းစာ မရောက်ရှိသေးသည့် ကျန်ရှိသော ကျေးရွာများသို့ နေ့စဉ်ထုတ် သတင်းစာများရောက်ရှိ ဖတ်ရှုနိုင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ) ပုံနှိပ်စက်အသစ် တိုးမြှင့်တပ်ဆင်ဖွင့်လှစ်ခြင်းနှင့် ကျေးရွာတိုင်းသို့ သတင်းစာ ရောက်ရှိအောင် စီမံဆောင်ရွက်သည့် အခမ်းအနားတွင် ရခိုင်ပြည်နယ် မြို့နယ် ၁၄ မြို့နယ်ရှိ ကျေးရွာ ၈၉၂ ရွာတို့မှ သတင်းစာ ကိုယ်စားလှယ်များထံ ပုံနှိပ်ပြီး သတင်းစာများကို ပေးအပ်စဉ်။
(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဖျာပုံ အမက(၈၈) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ဖျာပုံ ဖေဖော်ဝါရီ ၁၇

ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ကျုံကူတူးမြောင်းကျေးရွာ အမှတ်(၈၈) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် နာယက ဦးမောင်မောင်၊ ဥက္ကဋ္ဌ ဦးသောင်းညွန့်(သတင်းထောက်)၊ဘဏ္ဍာရေးမှူး ဦးမြင့်အောင်(ဖိုးအောင်လေး)နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ယင်းနောက် ပညာရည်ချွန်ဆုရကျောင်းသား၊ ကျောင်းသူကလေးများအား စာပေနှင့်ပန်းချီအနုပညာရှင်များ၊ စာအုပ်လုပ်ငန်းရှင်များနှင့် မိတ်ဆွေများက ပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို တက်ရောက်လာကြသူများက ပေးအပ်ချီးမြှင့်လိုက်သည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရှိရသည်။ (၁၆၈)

❀ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဧည့်သည်တော်ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက် နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ်ကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် နေပြည်တော် ဟိုတယ်ဇုန်သို့ ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပပြီးစီး ပြည်ထဲရေးအသင်း တံခွန်စိုက်ဒိုင်းများ ဆွတ်ခူး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၉ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဒိုင်း (၅၇)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်(ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက သုဝဏ္ဏဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များအဖြစ် ဗိုလ်လုပွဲ ပွဲစဉ် ၁၂ ပွဲ ကျင်းပသည်။ မီတာ ၄၀၀X၄ လက်ဆင့်ကမ်း အမျိုးသားပြိုင်ပွဲတွင် ပထမ ကာကွယ်ရေး၊ ဒုတိယ မြို့တော်စည်ပင်၊ တတိယ ပြည်ထဲရေး၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ ပြည်ထဲရေး၊ ဒုတိယ မြို့တော်စည်ပင်၊ တတိယ စီးပွား/ကူးသန်း၊ မီတာ ၁၅၀၀ အမျိုးသမီးပြိုင်ပွဲတွင် ပထမ သန်းတိုးခင်မျိုးအောင်(မြို့တော်စည်ပင်)၊ ဒုတိယ နီလာစန်း(စီးပွား/ကူးသန်း)၊ တတိယ ခင်မာဆယ်(မြို့တော်စည်ပင်)၊ မီတာ ၂၀၀ အမျိုးသမီးပြိုင်ပွဲတွင် ပထမ ကေခိုင်လွင်(ပြည်ထဲရေး)၊ ဒုတိယ လဲ့လဲ့ဝင်း (စီးပွား/ကူးသန်း)၊ တတိယ နော်ကပေါဖော(ရထားပို့ဆောင်ရေး)တို့က ရရှိသွားသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက ပါမောက္ခ ဒေါက်တာဒေါ်ခင်မေအုန်းက အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ပြည်ထဲရေးအသင်းအားလည်းကောင်း၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းက အမျိုးသားပြိုင်ပွဲ ပထမဆုရ ပြည်ထဲရေးအသင်းအားလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲနှစ်ခုပေါင်းတွင် ပထမဆုရ ပြည်ထဲရေးအသင်းအားလည်းကောင်း တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းက ရွှေကိုးခု၊ ငွေခုနစ်ခု၊ ကြေးခြောက်ခုရရှိပြီး ၁၅၂ မှတ်ဖြင့် ပထမ၊ စီးပွား/ကူးသန်းက ၁၁၉မှတ်ဖြင့် ဒုတိယ၊ အမျိုးသားပြိုင်ပွဲတွင် ပြည်ထဲရေး က ရွှေ ၁၃ ခု၊ ငွေငါးခု၊ ကြေးခုနစ်ခု ရရှိပြီး အမှတ် ၁၇၀ ဖြင့် ပထမ၊ ကာကွယ်ရေး က ၁၂၈ မှတ်ဖြင့် ဒုတိယ၊ ပြိုင်ပွဲနှစ်ခုပေါင်းတွင် ပြည်ထဲရေးက ရွှေ ၂၂ ခု၊ ငွေ ၁၂ခု၊ ကြေး ၁၃ခု ရရှိပြီး ၃၂၂မှတ်ဖြင့် ပထမ၊ စီးပွား/ကူးသန်းက ၁၆၆ မှတ်ဖြင့် ဒုတိယရရှိကာ ပြည်ထဲရေးက တံခွန်စိုက်ဒိုင်း သုံးခုစလုံး ဆွတ်ခူးရရှိသွားသည်။

အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ပထမဆုရ ပြည်ထဲရေးအသင်းအား ဆင့်ပွားဒိုင်း ချီးမြှင့်စဉ်။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဒလမြို့နယ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ဖတ်ကြားစဉ်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၁၅	၆။	တေးဂီတအစီအစဉ်
၈း၃၀	၇။	International News
၈း၄၅	၈။	လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၈း၅၅	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	သီချင်းကြီးပဒေသာ
၄း၂၀	၃။	ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
၄း၄၀	၄။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
၅း၁၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၅	၆။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၄၀	၇။	တေးဂီတအစီအစဉ်
၅း၅၀	၈။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၅၀	၁၂။	မူဟန်သွယ်သွယ်ဆိုကြမယ်
၇း၀၀	၁၃။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၂၀	၁၄။	ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာဗီဒီယိုဇာတ်လမ်း **"အပိုင်းကိန်းများ" [ထွန်းထွန်း (Examplez)၊ ခိုင်သင်းကြည်၊ ဖူးစုံ] (ဒါရိုက်တာ-ညီမင်းလွင်)**
	၁၉။	အစီအစဉ်ပြီး၏။

ရန်ကုန်တက္ကသိုလ် မြန်မာစာ အဓိက ၁၉၆၉-၁၉၇၃ ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အမှတ်(၂၂၃) ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခြံ၌ ကျင်းပစဉ်။

(ကြေးမုံ)

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

"အရှေ့မြောက်၏ စီးပွားရေးတံခါးပေါက်(သို့မဟုတ်) မြို့တော်လားရှိုး"၏ စီးပွားရေး၊ လူမှုရေး၊ ဆက်သွယ်ရေးဖွံ့ဖြိုးမှုပုံရိပ်များကို လားရှိုးမြို့နယ် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဒေသခံများ၏ ဖွင့်ဆို သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅)အမှတ်(၈)ထွက်ရှိလာသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ဒုတိယမြောက်ပင်လယ်ရေအောက် သတင်းအချက် အလက် ဆက်သွယ်ရေးဖိုင်ဘာဆက်ကြောင်း ယခုနှစ်အတွင်း ချိတ်ဆက်ဆောင်ရွက် မည်၊ ဝင်းသူဇာအရောင်းဆိုင်များ ပုဂ္ဂလိကသို့ ကာလအကန့်အသတ်မရှိ ငှားရမ်း လုပ်ကိုင်ခွင့်ပေး၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်မည်၊ အိန္ဒိယအဆင့်မြင့် နည်းပညာသုံး ဆိုလာစနစ်များတင်သွင်းရန် စီစဉ်၊ မြန်မာနိုင်ငံ၌ အကြီးဆုံးသစ်ခွဥယျာဉ်ကြီး တည်ဆောက်မည်၊ မြန်မာနိုင်ငံရှိ အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်လုပ်ငန်းများ ပုံမှန်အတိုင်း ဆောင်ရွက်ပေးနေ၊ အအေးလျော့၍ အပူချိန်မြင့်လာ၊ "ဘယ်သွားမလဲ---ဘာလုပ်မလဲ"ပြည်ပ အလုပ် အကိုင်သွားရောက်လုပ်ကိုင်မည့်သူ သိကောင်းစရာ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အကယ်ဒမီနှင့် ဂယက်"အကြောင်း၊ "အဆိုတော်နေရဲမာန်နှင့် တွေ့ဆုံခိုက် မေးမြန်းဖြစ်တာလေးတွေ"ဖျော်ဖြေရေးသတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိ လာသည်။

လာမည့်နှစ် အမေရိကန်စီးပွားရေး နာလန်ထူမည်ဟု အိုဘားမားပြော၊ ၂၀၂၂ကမ္ဘာ့ဖလားကျင်းပရန် အခြေခံအဆောက်အအုံများ အင်ဒိုနီးရှားတည် ဆောက်လျက်ရှိ၊ အိန္ဒိယအမျိုးသမီးတစ်ဦး၏ပါးပေါ်မှ အသားပိုဖုကြီးအား အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့၊ အမေရိကန်ကုန်သွယ်ရေး မိတ်ဖက်များ သတိပေး သည့်ကြားက ကွန်ဂရက်လွှတ်တော်က ငွေကြေးဖြည့်ဆည်းပေးရေး အစီအစဉ်ကို သဘောတူထောက်ခံ၊ အငန်လွန်ကဲသောစွပ်ပြုတ်သောက်သူများ အစာအိမ်ကင်ဆာ ရောဂါတိုးပွားနိုင်၊ "လူရှစ်ဦးကိုသတ်ဖြတ်မှုကြောင့် သံတိုသံစရောင်းသူ သေဒဏ် ချမှတ်ခံရ"၊ မှုခင်း ရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ကျေးလက်ဒေသဖွံ့ ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် နေပြည်တော်တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိကာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ပြည်ထဲရေးဝန်ကြီးဌာန အလှူငွေဖြင့် တည်ဆောက်နေသော တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်နေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တဲမြင့်ကျေးရွာအုပ်စုမှ လာဘန်တံတားပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုအားပေးကာ ဘိလပ်မြေအိတ် ၂၀၀ ကို လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် သရက်ပင်ကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း သရက်ပင်ကျေးရွာအုပ်စု၊ တဲမြင့်ကျေးရွာအုပ်စု၊ ကြက်သွန်ခင်းအုပ်စု၊ အုန်းပင်ကျေးရွာအုပ်စုရှိ ကျေးရွာခုနစ်ရွာမှ ရပ်မိရပ်ဖ၊ ရပ်ရွာပြည်သူများအားတွေ့ဆုံ၍ ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို မေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ဝန်ကြီးသည် ခေတ်အေးကျေးရွာ ဦးချိုတေး၏ ဘက်စုံလယ်ယာစိုက်ပျိုးရေးစနစ် (Integrated Farming System) သုံး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဦးချိုတေးပိုင်လယ်မြေငါးဧက တစ်ယူနစ်တွင် ဆောင်ရွက်လျက်ရှိသည့် နွေစပါးစိုက်ပျိုးမှု၊ မှိုစိုက်ပျိုးမှု၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲမွေးမြူထားရှိမှုများနှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်သည့်ကန်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ညောင်လွန့်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းသည် ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များသိပ္ပံသုတေသနဌာနနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့သို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့သို့လည်းကောင်း၊ ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် သန်လျင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် သာကေတမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းတို့သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ အကြိုစစ်ဆေးနေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

သွားရောက်ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အမျိုးသား စီမံခန့်ခွဲမှုပညာကောလိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဟော်ကီနည်းပြ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် ဟော်ကီနည်းပြ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထင်ဇော်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းနည်းပြဆရာ Mr. Khawaja Mohammad Awais က သင်တန်းပို့ချခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၁ ရက်မှစတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းနည်းပြအဖြစ် အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်မှ ရွေးချယ်တာဝန်ပေးအပ်သည့် ပါကစ္စတန်နိုင်ငံသား နည်းပြဆရာက လာရောက် သင်ကြားပို့ချခြင်းဖြစ်ကာ ယင်းသင်တန်းသို့ သင်တန်းသား ၃၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီနက္ခတ်တာရာပြခန်းကြီး မကြာမီဖွင့်လှစ်တော့မည်၊ ဧရာဝတီလင်းပိုင်များကို ထိန်းသိမ်းစောင့်ရှောက်သင့်၊ ပုံမှန်ထက်လေးဆခန့် မြင်ကွင်းကျယ်သည့် တက္ကစီမီတာများ ဈေးကွက်သို့ ရောက်ရှိ၊ အင်းလေးကန်သစ်ခွပန်းပြပွဲတွင် ရှားပါးသစ်ခွများ ပြသမည်၊ ဂုဏ်ပြုဆုရ မြန်မာသင်္ဘောကပ္ပတိန်၏ ပင်လယ်ပြင်အတွင်း လူ ၁၅ ယောက်ကို ကယ်တင်ခဲ့သည့် ဖြစ်စဉ်၊ ကမ္ဘာ့အရှားပါးဆုံး သစ်ခွမျိုးစိတ်ဖြစ်သော သစ်ခွနက်ကို မြန်မာတစ်နိုင်ငံတည်း၌တွေ့နိုင်၊ နိုင်ငံပေါင်း တစ်ရာကျော်မှ ရွေးချယ်သည့်နိုင်ငံတကာ ခရီးသွားလုပ်ငန်း အကောင်းဆုံးဝန်ဆောင်မှုဆုကို မြန်မာနိုင်ငံမှ ရရှိ၊ နှစ်နှစ်အရွယ်ကလေးငယ် ရေအောက်၌ မိနစ် ၂၀ကြာ နစ်နေခဲ့သော်လည်း အသက်မသေ၊ လမ်းဖောက်လုပ်သူများ ဒိုင်နိုဆောခြေရာများတွေ့ရှိ၊ ဒူဘိုင်ဆိပ်ကမ်းအနီး ကုန်တင်သင်္ဘောနှင့် လောင်စာဓာတ်ငွေ့ရည် သင်္ဘောတိုက်မိ၍ မီးလောင်ပျက်စီး၊ ဒေါ်လာငါးသိန်းကို တောင်းသမျှလူတိုင်းအား ဝေငှပေးနေသူ ခေတ်သစ်တာဇံက ကျားသစ်ငါးကောင်နှင့်အတူ နေထိုင်၊ အဆိပ်ငွေ့များ ထုတ်လွှတ်နေသည့် အစိမ်းရောင်တောက်ပနေသော ကြယ်တာရာတစ်ခု ကမ္ဘာဆီသို့ ဦးတည်လာနေဟုဆို၊ ကမ္ဘာ့အမွေးအထူဆုံး မိသားစု၊ ၁၂ နှစ်သားလေး စစ်တုရင်ဂရင်းမာစတာဖြစ်လာ၊ အသည်းနှလုံးပုံရှိသော ချစ်သူများကျွန်းကို စိတ်ဝင်စားနေကြ၊ အိုဘားမား၏ဇနီး ကမ္ဘာ့အကျော်ကြားဆုံး ဖက်ရှင်မဂ္ဂဇင်း၏ မျက်နှာဖုံးရှင်ဖြစ်လာ၊ ယာဉ်တိုက်မှုဖြစ်ပွား၍ ကမ္ဘာ့လက်သည်း အရှည်ဆုံးလူသား၏ ၂၈ပေရှည်သည့် လက်သည်းများ ကျိုးသွားခဲ့ရ၊ သစ်ပင်လူသားထပ်မံခွဲစိတ်ရပြန်၊ အာကာသသမိုင်းတွင် ပထမဆုံးအကြိမ်ဂြိုဟ်တုနှစ်စင်း တိုက်မိခဲ့ပြီးနောက် အပိုင်းအစများ ကောင်းကင်မှ ကျလာ၊ နွားကျင်ငယ်ရည်ဖြင့်ပြုလုပ်သော ကျန်းမာရေးနှင့် ညီညွတ်သည့် အအေးပုလင်းများ ထုတ်လုပ်မည်၊ လက်နက်များ တင်ဆောင်ထားသည့် ချူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘောနှစ်စင်း ရေအောက်၌ တိုက်မိ၊ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်း ဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့မီးရထားအငြိမ်းစားများအသင်း နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာ့မီးရထား အငြိမ်းစားများအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ အင်းစိန်တွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များသည် အသင်းဝင်ကတ်ပြားများ မပျက်မကွက် ယူဆောင်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

Splendida Furnishings Gallery ဆိုင်သစ်ဖွင့်ပွဲ အကြို စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

Sinma Furnishings Co., Ltd က ကြီးမှူး၍ Splendida Furnishings Gallery ဆိုင်သစ်ဖွင့်ပွဲအကြို စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ အမှတ်(၅)(A)၌ ကျင်းပသည်။

ရှေးဦးစွာ Splendida Furnishings Gallery Showroom မှ ဒါရိုက်တာ ဒေါ်ယုယုခိုင်က အမှာစကားပြောကြားသည်။

ယခုဖွင့်လှစ်သော Splendida Furnishings Gallery သည် ဂန္ထဝင်မြောက်ဒီဇိုင်းဖြစ်စေ၊ ခေတ်ပြိုင် ဒီဇိုင်းဖြစ်စေ၊ မိမိနှစ်သက်ရာ ရွေးချယ်နိုင်သော ရုံးသုံး၊ အိမ်သုံးပရိဘောဂများအပြင် အစည်းအဝေးခန်းမ၊ ရုပ်ရှင်ရုံနှင့် Home Theatre သုံး ပရိဘောဂ၊ အားကစားလေ့ကျင့်ကစားမှု ပရိဘောဂများ၊ ခြံဝင်းသုံး ပရိဘောဂမျိုးစုံအပြင် ထီး၊ ရေပန်း၊ ရေတံခွန်အရုပ် မီးအိမ်မျိုးစုံ၊ ပန်းအစစ်နှင့်မခြားလှပမှုပေးစွမ်းနိုင်သည့် ရေလောင်းပေါင်းသင်ရန် မလိုသော ပန်းခြောက်များ၊ ခန်းလုံးပြည့်ကော်ဇောလိပ်နှင့် ကော်ဇောချပ်အရွယ်အစားမျိုးစုံ၊ ဒီဇိုင်းမျိုးစုံ၊ နံရံအလှဆင်Wallpaper မျိုးစုံ၊ ခန်းဆီးလိုက်ကာပိတ်စနှင့် ဇာအရောင်ဒီဇိုင်းမျိုးစုံအပြင် ဆက်စပ်အလှဆင် လိုက်ကာတန်းလိုက်ကာချိတ်၊ ခါးသိမ်းကြိုး၊ ပန်းဖွားမျိုးစုံ၊ ပြည်ပ ပန်းချီပညာရှင်များ၏ လက်ရာများ၊ ပန်းချီကားပေါင် ဒီဇိုင်းမျိုးစုံနှင့် မော်ဒယ်ပန်းချီမျိုးစုံ၊ ဩစတြေးလျနှင့် အီဂျစ်နိုင်ငံတို့မှ ထုတ်လုပ်သော အလှဆင် Crystal မီးဆိုင်း၊ မီးအိမ်ဒီဇိုင်းမျိုးစုံ၊ အိမ်တွင်းအလှဆင် ပန်းအိုးကြီးသေး၊ ရွှေထည်ကြွေထည်အလှဆင် ပစ္စည်းမျိုးစုံ၊ ၂၄ ကာရက် ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသော ရွှေရုပ်တု၊ ရွှေနာရီ၊ ရွှေဓာတ်ပုံပေါင်ဒီဇိုင်းမျိုးစုံ၊ လုံခြုံရေး စောင့်ကြည့်ရာတွင် အသုံးပြုနိုင်ရန် CCTV Camera များနှင့် Security System ပစ္စည်းများအပြင် အထူး အော်ဒါမှာယူလိုပါက အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန် စက်ရုံအလုပ်ဌာန(၃)ခု ဖွင့်လှစ်၍ အကောင်းဆုံး ဝန်ဆောင်မှုများပေးလျက်ရှိသည်။

ကျွမ်းကျင် ဗိသုကာပညာရှင်များ၊ ဒီဇိုင်နာများနှင့် မိမိပြင်ဆင်လိုသည်ကို အခမဲ့ စိတ်တိုင်းကျ ပုံစံ၊ ဒီဇိုင်းထုတ်ပေးမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၇ ရက်က သဃ်န်းကျွန်းမြို့နယ် အမက(၁၇) မူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲတွင် မြို့နယ်အဆင့် ဘက်စုံ ထူးချွန်ဆုရ သူငယ်တန်း(ခ)မှ မမေမြတ်နိုးအောင်အား လက်ထောက် မြို့နယ်ပညာရေးမှူး ဦးသိန်းနိုင် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သောရွှေပြားနှင့် ကျောက်ပြားများအား လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင်ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့်အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့်ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန် ရွှေပြား(၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ(၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း
(၃)	ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ် ကျပ် ၂၂၀၀၀ နှုန်း
(၄)	စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ် ကျပ် ၁၃၀၀၀ နှုန်း
(၅)	မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ် ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် "ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ" အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်



ရန်ကုန် ဖေဖော်ဝါရီ ၁၇

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၁၈ရက် ညနေထိ ခန့်မှန်းချက်။ ။ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

IT ဖြင့် ဘွဲ့ရရှိထားပြီးသူများအတွက် လုပ်ငန်းခွင်အကြို သင်တန်းဖွင့်မည်

MPEC Myanmar Professionals Education Centre SOFTWARE ENGINEERING

ရန်ကုန် ဖေဖော်ဝါရီ ၁၇

IT နှင့် ပတ်သက်သော Bachelor Degree ၊ Master Degree အထိ ရရှိထားသူများ၊ Higher Diploma အဆင့်အထိ အောင်မြင်ပြီးသူများအနေဖြင့် IT Industry သို့ Professionals Applications Developer တစ်ဦးအဖြစ် လုပ်ငန်းခွင် ဝင်ရောက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားသော လုပ်ငန်းခွင်အကြိုသင်တန်းဖြစ်သည်။ ထို့ပြင် လက်ရှိ IT Industryတွင် လုပ်ငန်းခွင် ဝင်ရောက်နေသူများလည်း မိမိတို့၏ လိုအပ်ချက်အရ တက်ရောက်နိုင်သည်။

အဆိုပါ သင်တန်းတွင် Professionals Applications Developer တစ်ဦးဖြစ်စေရန်အတွက် အဓိကလိုအပ်ချက်များကို သင်ကြားပေးမည်ဖြစ်ပြီး စာတွေ့နှင့် လက်တွေ့ လုပ်ငန်းခွင်ကြားတွင် ရှိသောကွာဟချက်များကိုဆက်စပ်၍ ပေါင်းကူးသင်ကြားပေးနိုင်သည့် တစ်ခုတည်းသော သင်တန်းဖြစ်သည်။ သင်တန်းတွင် Microsoft. NET Framework & Visual Studio, Web Based & Windows Based Applications, Database Designs & Management, Software Engineering နှင့် Application Software Architecture စသည်တို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး Industry Based Project တစ်ခုကိုပါ Project Management စနစ်ဖြင့် ရေးသားရမည်ဖြစ်သည်။

သင်တန်းကို Myanmar Information Technology Pte Ltd.မှ Technical Director ဦးဇော်မိုးထွန်းနှင့် MIT မှ လုပ်သက်ခုနစ်နှစ်နှင့် အထက်ရှိသူများက ဦးစီး၍ သင်ကြားပေးမည်ဖြစ်သည်။ ထို့အပြင် MIT က Software ရေးသားနည်းများကို အခြေခံ၍လက်တွေ့ လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် အခက်အခဲမရှိစေရန်အတွက် အခြေခံလိုအပ်ချက်များမှစ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ ထို့မှသာမက MIT မှ Experience ရှိသူ Project Manager များက Software Product များ ရေးသားခြင်းများနှင့် စပ်လျဉ်းသော Experience Sharing အစီအစဉ်များလည်း သင်တန်းတွင် ပါဝင်မည်ဖြစ်သည်။

IT ဖြင့် ဘွဲ့ရထားသူ မဟုတ်သူများ၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ထားသူများနှင့် တက္ကသိုလ်တက်ရောက်နေဆဲ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် IT Industry တွင် ဝင်ရောက်လုပ်ကိုင်လိုပါက Software Engineering နှင့် စပ်လျဉ်းသော အဓိကဘာသာရပ်ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင် Project အတွေ့အကြုံများကိုပါ ထည့်သွင်းသင်ကြားပေးသည့် MPEC မှ ဖွင့်လှစ်သော Diploma in Software Engineering သင်တန်းကို တက်ရောက်နိုင်သည်။

ယင်းသင်တန်းများကို စိတ်ပါဝင်စား၍ သင်တန်း တက်ရောက်လိုသူများသည် Myanmar Professionals Education Centre အမှတ်(၁၁၂) အခန်း(၁၁၊ ၁၂) (၈)မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် ၆၅၀၁၂၄ တို့သို့ ဆက်သွယ်၍ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ပြီး စုံစမ်းမေးမြန်းနိုင်သည်။

(သတင်းစဉ်)

တာမွေမြို့နယ် အမက (၁၅)၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကိုရီက စတုတ္ထတန်းတွင် ထူးချွန်ဆုရရှိသော မအိန္ဒြာကျော်ဇောအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

တပ်ထိန်းသင်တန်းသားများအား အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်မှုစစ်ဌာနစုမှူး ရဲမှူးဌေးလွင်သည် ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ဗဟိုတပ်ထိန်းတပ်ရှိ သင်တန်းခန်းမဆောင်၌ တပ်ထိန်း သင်တန်းသား ၃၃ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သင်ခန်းစာများ ဟောပြောပို့ချကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(ကြေးမုံ)

ရန်ကုန်ဂေါက်ကလပ် နှစ်(၁၀၀)ပြည့် Professional နှင့် အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်ဂေါက်ကလပ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်၏ ပွဲစဉ်တစ်ရပ်ဖြစ်သော Professional ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် အပျော်တမ်း (၀-၁၂)ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၀ရက်အထိ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဆုချီးမြှင့်သည့်အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် ညနေပိုင်းတွင် ရန်ကုန်ဂေါက်ကလပ် မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်များနှင့် အသင်းသားများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၍ IRON CROSS တီးဝိုင်းမှ တေးဂီတများဖြင့် ဖျော်ဖြေကြမည်ဖြစ်သည်။

ယင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဖြစ်မြောက်အောင်မြင်ရေးအတွက် Air Bagan Ltd.က အဓိက ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၀	၉။	၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (ပထဝီဝင်)
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	**ကာတွန်းအစီအစဉ် -လူစွမ်းကောင်းလေးလူဆာ (အပိုင်း-၂၂)**
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြိုးမြတ်သူတို့နှလုံးသား (အပိုင်း-၂၃)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငါးက လေး(အပိုင်း-၃၈)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

ဖေဖော်ဝါရီ ၂ရက်က မင်္ဂလာဒုံမြို့နယ် အမှတ် (၂၀) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာရည်ချွန်ဆုပေးပွဲတွင် ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ခန့်စည်သူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရည်ရည်မြင့် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူး Colonel Ekachai Harnpoonvittaya တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့လိုက်ပါလာသည့် အထူးလေယာဉ်သည် နံနက် ၁၀ နာရီတွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ် General Anupong Paojinda အား နေပြည်တော်လေဆိပ်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ ပြည်တွင်းသတင်း ၊ ဆောင်းပါး အညွှန်း

"ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ရန်နှင့် စာကြည့်တိုက် ငွေပဒေသာပင် အတွက် အလှူငွေများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်လှူဒါန်းပွဲ" *(သတင်း) စာမျက်နှာ(၃)*

"နိုင်ငံနဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို အမှန်တကယ်လိုလားတယ်ဆိုရင် နိုင်ငံတော်အစိုးရက စေတနာမှန်နဲ့ ကမ်းလှမ်းထားတဲ့ လက်ကိုတွဲပြီး အခုလာမယ့် ရွေးကောက်ပွဲမှာ..."

စည်သူအောင်၏ "လက်တွဲညီညီ ရှေ့သို့ချီ" *(ဆောင်းပါး) စာမျက်နှာ(၆)*